# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၁၀၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် မိမိတို့အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲမှုကို အားပေးဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်များနှင့် ဝါသီးနှံထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ယနေ့ ဖတ် စ ရာ**


သြစတြီးယားနိုင်ငံ၏ ယာယီဝန်ကြီးချုပ်အဖြစ် နိုင်ငံခြားရေးဝန်ကြီး ရှဲလန်ဘာ့ဂ် ကျမ်းသစ္စာကျိန်ဆို — နိုင်ငံတကာသတင်း — စာ ၁၄

ပြည်ထောင်စုစိတ်ဓာတ်မပျက် ရှေ့ဆက်ရမည့် အနာဂတ်မြန်မာ ... — ဆောင်းပါး — စာ ၁၆

မြန်မာ့အလင်း

# သစ်တောသယံဇာတများ ထိန်းသိမ်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျှော့ချ

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ့်မြို့အနီးတွင် လောင်ကျွမ်းနေသည့်တောမီးမှာ မြို့စွန်လူနေရပ်ကွက်များအထိရောက်ရှိလာပြီး မြို့မီးဖြစ်လာသည်။ နေရာငါးနေရာခန့်ခွဲပြီး လောင်ကျွမ်းနေသည့် အဆိုပါတောမီးကြောင့် သစ်တောဧက စုစုပေါင်းသုံးသောင်းကျော်၊ လေးသောင်းခန့် ပျက်စီးဆုံးရှုံးနေပြီဖြစ်သည်။ ထို့အပြင် လူလည်း ၁၀ ဦးခန့် သေဆုံးခဲ့ရပြီး ဖြစ်သကဲ့သို့ သိန်းနှင့်ချီ၍လည်း မီးဘေးရှောင်နေကြရသည်။ တောမီးလောင်လျှင် တောကြောင်တို့ထကြွသည့် အစဉ်အလာအတိုင်းပင် မီးဘေးရှောင်သူတို့၏ နေအိမ်များကို ဖောက်ထွင်းခိုးယူသူများ သောင်းကျန်းလာကြခြင်းကို တားဆီးနှိမ်နင်းနေရကြောင်းလည်း သတင်းများတွင် တွေ့ရသည်။ ယခုတောမီးသည် ကယ်လီဖိုးနီးယားပြည်နယ်သမိုင်းတွင် အဆိုးရွားဆုံးဖြစ်သည်ဟုလည်း ဆိုသည်။

ကမ္ဘာတစ်ခွင် သစ်တောများဖုံးလွှမ်းမှုမှာ နှစ်စဉ်အကြောင်းအမျိုးမျိုးကြောင့်ပျက်စီး၍ လျော့နည်းကျဆင်းလျက်ရှိသည်။ ကုလသမဂ္ဂ စားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုသည် ကမ္ဘာ့မြေမျက်နှာပြင်၏ သုံးပုံတစ်ပုံဖြစ်သော ဧက ၁၀ ဒသမ ဝ၃ ဘီလီယံခန့်ရှိသည်ဟု ဆိုသည်။ သို့ရာတွင် ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၉ ဒသမ ၂၇ သန်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၂ ဒသမ ၈၅ သန်းနှင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၁ ဒသမ ၆၁ သန်း စသည်ဖြင့် ဆယ်စုနှစ်အလိုက် လျော့နည်းကျဆင်းသွားခဲ့သည်။ အာဆီယံဒေသအနေဖြင့်မူ သစ်တောဖုံးလွှမ်းမှုပမာဏ ဧက ၅၂၈ ဒသမ ၇၉ သန်းကျော်ရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း စုစုပေါင်းသစ်တောများ၏ ခြောက်ပုံတစ်ပုံခန့် ဧကအားဖြင့် ၉၂ ဒသမ ၉၁ သန်း ပြုန်းတီးသွားခဲ့သည်ဟု သိရသည်။

မိမိတို့မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း သစ်တောဧရိယာဒုတိယအများဆုံး ပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး FAO ၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းနေသည်ဟု သိရသည်။ သစ်တောပြုန်းတီးမှုနှုန်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ် ၁ ဒသမ ၇ ရာခိုင်နှုန်း ပြုန်းတီးခဲ့ပြီး၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် သုည ဒသမ ၉ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့သည်။ ထို့အပြင် ပင်လယ်ကမ်းရိုးတန်းဒေသ ဒီရေတောဧရိယာများသည် ၂၀၂၀ ပြည့်နှစ်တွင် ဧက ၁ ဒသမ ဝ၇ သန်းရှိရာမှ ၂၀၂၄ ခုနှစ်တွင် ဧက ၁ ဒသမ ၁၃ သန်းအထိ တိုးလာခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသည့် နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဧပြီလအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် နေ့အပူချိန်များမြင့်မားခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ချောက်မြို့၏ ၂၀၂၄ ခုနှစ် ဧပြီလ ၂၈ ရက်နေ့က နေ့အပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်သည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးမြို့ဖြစ်ခဲ့သည်။ မကွေး၊ မင်းဘူး၊ ညောင်ဦးနှင့် စစ်ကိုင်းတို့သည်လည်း ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့ စာရင်းတွင် ပါဝင်ခဲ့သည်။ သစ်ပင်သစ်တောများသည် လေထုအပူချိန်ကို ထိန်းညှိပေးနိုင်ပြီး ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို ဆိုးဆိုးရွားရွားမဖြစ်စေရန်လည်း ကာကွယ်ပေးကြသည်ဖြစ်ရာ သစ်ပင်သစ်တောများ မပြုန်းတီးရေးနှင့် ပြုစုပျိုးထောင်ထိန်းသိမ်းရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်အတွင်း ဧရိယာ ၉၂၈၄ ဧက ကျယ်ဝန်းသော ကဏန်းကျွန်း ဒီရေတောကြိုးပြင်တောနှင့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်အတွင်း ဧရိယာ ၅၈၆၁ ဧကရှိသော အောင်ပင်လယ်ဆည် ကြိုးပြင်ကာကွယ်တောတို့ကို သတ်မှတ်ကြေညာခဲ့သည်။ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ဖွဲ့စည်းခြင်းသည် မိမိတို့နိုင်ငံ၏ သယံဇာတများဖြစ်သော သစ်တောများကို ထိန်းသိမ်းခြင်းဖြစ်သည့်အပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကို လျော့နည်းစေမည်ဖြစ်သည့်အလျောက် ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်ထိန်းသိမ်းစောင့်ရှောက်ကြရပါမည့်အကြောင်း။ ။




**၁၀ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၃၉၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

၁၀ - ၁ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၃၀၀ | ၄၂၀ | ၃၄၄၆၀၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၂၁ | ၆၇၂၀၀ |
| MCB | ၈၅၀၀ | ၈၃၀၀ | ၂၀ | ၁၆၈၀၀၀ |
| FPB | ၁၉၀၀ | ၁၉၀၀ | ၁၀ | ၁၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၆၅၀ | ၁၇၀၀ | ၁၂၀၀ | ၁၉၉၀၀၀၀ |
| AMATA | ၄၂၀၀ | ၄၃၀၀ | ၆၁၁ | ၂၅၆၇၃၀၀ |
| MAEX | ၃၂၀၀ | ၃၁၀၀ | ၂၂၁၆ | ၆၉၇၅၄၅၀ |
| MADPL (PLB) | ၃၀၅၀ | ၃၀၅၀ | ၁၇၁ | ၅၂၁၅၅၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

- **မိတ္ထီလာသည် မိုးရွာရက်နည်းသည့်ဒေသဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုကို အောင်မြင်စွာဆောင်ရွက်နိုင်မည်**
- **နိုင်ငံတော်မှ ဆောင်ရွက်သည့်စီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းလိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်**

** ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိတ္ထီလာခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာယာလှပရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မိတ္ထီလာစက်မှုဇုန်လုပ်ငန်း လည်ပတ်လျက်ရှိမှု၊ (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များက လုပ်ငန်းများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဈေးကွက်ရရှိမှုအခြေအနေများနှင့် ကြုံတွေ့ရလျက်ရှိသည့် အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး ဆိုလာစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် ရရှိလာခဲ့သည့် အကျိုးအမြတ်များနှင့် အရင်းအနှီးလိုအပ်သူများအနေဖြင့်လည်း ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဆီစက်လုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်းပေးစေလိုမှု၊ ဝါသီးနှံစိုက်ပျိုးရေးနှင့် ဝါကွင်းဆက်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

### တင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်အသုံးပြုနိုင်ရေး နိုင်ငံတော်မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးချေးငွေများအား သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှု၊ ဝါသီးနှံစိုက်ပျိုးရေးနှင့် ဝါကွင်းဆက်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဝါသီးနှံမှ ချည်ထည်၊ အထည်အလိပ်ဖြစ်သည်အထိ စနစ်တကျ တွက်ချက်ဆောင်ရွက်၍ ကွင်းဆက်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထုတ်ကုန်ပြပွဲများ၊ နိုင်ငံတော်အဆင့် ထုတ်ကုန်ပြပွဲများ ပြုလုပ်ရောင်းချပေးလျက်ရှိသဖြင့် မိမိတို့လုပ်ငန်းအလိုက် အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များ ဝင်ရောက်ပြသနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ မိတ္ထီလာခရိုင်သည် ဝါထုတ်လုပ်မှုအများဆုံးဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့် ထုတ်ကုန်များကိုလည်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာ၌ မိတ္ထီလာခရိုင်၏ ဒေသဆိုင်ရာအချက်အလက်များပေါ်တွင်အခြေခံ၍ ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သင့်သည်များနှင့် ဆောင်ရွက်နိုင်သည်များ ၂၀၂၄ ခုနှစ်အတွင်း မိတ္ထီလာဒေသသို့ရောက်ရှိစဉ် *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အကြံပြု တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင်းနေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များ ပေးထားခြင်းသည် အမှန်တကယ်ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်ကြောင်း၊ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင်မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း၌ စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းကျော်ကိုသာ စိုက်ပျိုးရေပေးဝေနိုင်သည်ဟု သိရကြောင်း၊ အခက်အခဲများ ရှိမည်ဖြစ်သော်လည်း နည်းလမ်းရှာ၍လုပ်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ နည်းလမ်းလေးသွယ်ရှိပြီး မျိုးများ ကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများ မှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင် ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေများ ကောင်းမွန်မှုမရှိသဖြင့် အထွက်နှုန်းနည်းရခြင်းဖြစ်သည်ဟု သိရှိရပြီး လိုအပ်သည့်သွင်းအားစုများကို ပြည့်မီအောင်ထည့်သွင်းခြင်း၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်း၊ သဘာဝမြေသြဇာများထည့်သွင်းခြင်းတို့အပါအဝင် နည်းလမ်းများရှာဖွေ၍ မြေဆီမြေလွှာ ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသရှိအုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် မိမိတို့အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲမှုကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာသည် မိုးရွာရက်နည်းသည့်ဒေသဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့်စီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်း လိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်မှုနှင့်ပတ်သက်၍ အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုများ၊ အချို့စက်ရုံများအနေဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်မှုမရှိခြင်းများ၊ ဓာတ်ငွေ့လိုအပ်ချက်မပြည့်မီမှုများကြောင့် အခက်အခဲများရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကန့်ကွက်မှုများလည်းရှိကြောင်း၊ ထို့ကြောင့်အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်၍ရသည့် ဆိုလာစနစ်ကို မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း တစ်နိုင်တစ်ပိုင် ပိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

မိတ္ထီလာခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသောစိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာစပ်စက်ရုံကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဒေသတွင်း အသားထုတ်လုပ်မှုများကို ယခုထက် တိုးတက်အောင်မြင်အောင်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း အသားထုတ်လုပ်မှု၏ ဗဟိုချက်ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ အသားစို၊ အသားခြောက်၊ အေးခဲအသားနှင့် သားရေတို့ကို နိုင်ငံအနှံ့အပြားသို့ လျင်မြန်စွာ ပို့ဆောင်ရောင်းချနိုင်မည့်နိုင်ငံ၏ ဗဟိုချက်နေရာတွင် တည်ရှိသဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် သားရေထည်လုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သားရေဖြင့် ပြုလုပ်သည့် အဝတ်အထည်များ၊ အိတ်များ၊ ဖိနပ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများသည် ဈေးကွက်ဝင်ပစ္စည်းများဖြစ်သဖြင့် မွေးမြူရေးကိုအောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် အခြားဆက်စပ်လုပ်ငန်းများကိုလည်း အောင်မြင်စေနိုင်မည်ဖြစ်ကြောင်း။

ဒေသတွင်း စိုက်ပျိုးရေးသီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီသည် မဖြစ်မနေ နေ့စဉ်အသုံးပြုနေရသည့် မီးဖိုချောင်သုံးသီးနှံ တစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီစိုက်ပျိုးသည်ကို တွေ့ရှိရပြီး အထွက်နှုန်းကောင်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သကဲ့သို့ ကြက်သွန်ကို အခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ငရုတ်စိုက်ပျိုးမှုသည်လည်း ထိုနည်းတူစွာပင်ဖြစ်ကြောင်း၊ ကြက်သွန်နှင့် ငရုတ်တို့သည် ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်ရှိသည့် သီးနှံများဖြစ်သဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သီးနှံအလိုက်ရောင်းချခြင်းအပြင် ငရုတ်၊ ကြက်သွန်ကို အခြေခံသည့် တန်ဖိုးမြင့်စက်မှုကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်ခြင်းဖြင့်လည်း ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် တမာနှင့်ပတ်သက်သည့် စက်မှုထုတ်ကုန်ပစ္စည်းများကိုလည်း ဆောင်ရွက်သင့်ကြောင်း၊ တမာပင်မှတစ်ဆင့် တမာပိုးသတ်ဆေးနှင့် တမာမြေသြဇာများကို ထုတ်လုပ်နိုင်သည့်အပြင် အရိပ်ရလေကာပင်များဖြစ်သဖြင့် အကျိုးဖြစ်ထွန်းစေကြောင်း။

မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် မိတ္ထီလာခရိုင်အတွင်း ဒေသတွင်းစိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် အဓိကကျသည့် ရေရရှိရေးတွင် မိုးရေ၊ မြေအောက်ရေ၊ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေဟူ၍ရှိပြီး မိတ္ထီလာဒေသနှင့်ကိုက်ညီသည့် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဒေသ၌ သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ အေးချမ်းစိုပြည်မှုတို့ ရှိမည်ဆိုပါက ဒေသတွင်းသို့ လာရောက်လည်ပတ်သူများလည်း များပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွားအများအပြားလာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် မိတ္ထီလာခရိုင်အတွင်း Green Zone Area များကို မဖြစ်မနေအကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျစိုက်ပျိုးထိန်းသိမ်းသွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်များနှင့် ဝါသီးနှံထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။**

# "အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့်စွမ်းရည်မြှင့်တင်ရေး" ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၁၀**

"အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် စွမ်းရည်မြှင့်တင်ရေး" ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ဆက်လက်ကျင်းပသည်။



ဒုတိယနေ့ ဆွေးနွေးပွဲတွင် အာဆီယံမဏ္ဍိုင်(၃)ရပ်ကို အဓိကတာဝန်ယူထားကြသည့် တာဝန်ရှိသူများ၊ အာဆီယံဆိုင်ရာကဏ္ဍအသီးသီးကို တာဝန်ယူထားသည့် ဘာသာရပ် ကျွမ်းကျင်သူ အရာရှိများက ပထမနေ့တွင် ဆွေးနွေးခဲ့သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းအောက်ရှိ ဆွေးနွေးအကြံပြုတင်ပြချက်များနှင့် ရလဒ်များပေါ် အခြေခံ၍ အာဆီယံ စီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းအောက်ရှိ လုပ်ငန်းပိုင်းဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုများ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများ ဖော်ထုတ်၍ အာဆီယံ ယန္တရားများနှင့် အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်နိုင်ရေး ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အာဆီယံအတွင်း မဏ္ဍိုင် (၃) ရပ်အောက်ရှိ ကဏ္ဍပေါင်းစုံလွှမ်းခြုံသော မဟာဗျူဟာမြောက် နိုင်ငံတော်အဆင့်လုပ်ငန်းစဉ် မူကြမ်းတစ်ရပ်ပေါ်ထွက်လာနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ဆက်လက်ပေါင်းစပ်ညှိနှိုင်းသွားကြရန်နှင့် တူညီသော ပန်းတိုင်သို့ရောက်အောင် စုပေါင်းအင်အားဖြင့် အစွမ်းကုန်ချီတက်နိုင်ရန် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ပိတ်သိမ်းလိုက်သည်။

နှစ်ရက်တာ ကျင်းပခဲ့သည့် ဆွေးနွေးပွဲမှတစ်ဆင့် အာဆီယံမဏ္ဍိုင် (၃)ရပ်အောက်ရှိ ဝန်ကြီးဌာနများအကြား ကွန်ရက်တစ်ခုပေါ်ထွက်လာနိုင်ကြောင်း၊ ဆွေးနွေးပွဲရလဒ်များကို အခြေခံကာ နိုင်ငံတော်အဆင့်လုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို ဖော်ဆောင်ရာ၌ အာဆီယံမဏ္ဍိုင် အသီးသီး၏ ဗျူဟာမြောက် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံက အပြုသဘောပူးပေါင်းပါဝင်ကာ မိမိတို့ နိုင်ငံအကျိုးကို ဒေသအကျိုးစီးပွားနှင့် ချိတ်ဆက်ဖော်ဆောင်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁၀**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမများ၌ သီးခြားစီတွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် တပ်မတော်၏ နိုင်ငံ့အရေး ထမ်းဆောင်မှု**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နိုင်ငံတော်ဖြစ်တည်မှု ပထဝီမြေအနေအထားအရ လုံခြုံရေးနှင့် အချုပ်အခြာအာဏာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိသားစုများအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်စဉ်။

တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော် အနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တာဝန်များကို တစိုက်မတ်မတ်ထမ်းဆောင်ခဲ့သည့်အခြေအနေများ၊ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်၏ သမိုင်းကြောင်းစဉ်ဆက်အရ ရှေးယခင်ကတည်းကပင် အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြပြီး ပြည်နယ်များ၊ ဒေသများ စုပေါင်းတည်ဆောက်ထားသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့်အခြေအနေများ၊ တပ်မတော်မှ စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်ပမှ သွေးထိုးမြှောက်ပင့်မှုများကြောင့် အကြမ်းဖက်အဖွဲ့အစည်းများ ဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု မရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သည့်အခြေအနေများနှင့် တပ်မတော်အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်၏ အဓိက ကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်နှင့်ပြည်သူကို သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တပ်မတော်သားဘဝကိုခံယူခဲ့ပြီး နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေမှုအပေါ်တွင် အသိအမှတ်ပြုဂုဏ်ယူသည့်အခြေအနေများ၊ ***စာမျက်နှာ ၆ သို့***

- **ယခုမိမိတို့ တပ်မတော်၏ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နေမှုများသည်လည်း သမိုင်းများပင်ဖြစ်သဖြင့် သမိုင်းမှတ်တမ်းကောင်းကို ရေးထိုးနိုင်ရမည်ဖြစ်၊ လက်ရှိ ပြည်တွင်း၊ ပြည်ပ အန္တရာယ်များ၊ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြု**
- **နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့်တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လို**

*စာမျက်နှာ ၅ မှ*

လူတစ်ဦးပင်ဖြစ်စေ၊ နိုင်ငံတစ်ခုပင်ဖြစ်စေ အမြဲမပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း အခက်အခဲများကြားမှ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ဦးစွာ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက် ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန် ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး သိက္ခာရှိသည့်ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်ပိုင်းနှင့် ပတ်သက်၍ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ၊ စစ်ရေးအရဖြစ်ပေါ်လာသည့် ပြည်တွင်း ပြည်ပ အန္တရာယ်များကြား၌ မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲဂိုဏ်းဂဏစွဲကြောင့် ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးသယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီး ဖြစ်ကြောင်း၊ ယခုမိမိတို့ တပ်မတော်၏ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နေမှုများသည်လည်း သမိုင်းများပင်ဖြစ်သဖြင့် သမိုင်းမှတ်တမ်းကောင်းကို ရေးထိုးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိပြည်တွင်း၊ ပြည်ပ အန္တရာယ်များ၊ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုကြောင်း၊ မိမိတို့ နေ့စဉ် လှုပ်ရှားသွားလာမှုများ ဆောင်ရွက်ရာ၌ စစ်သည်တစ်ဦးချင်းစီအလိုက် ပတ်ဝန်းကျင်ကို သိရှိမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားရှိရန်လိုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုကြောင်း၊ တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့ တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေးသတိရှိရန်လိုပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်ပတ်သက်ပါက ဖြစ်ပေါ်လာနိုင်သည်များကို ကြိုတင်မျှော်တွေးပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မန္တလေး နန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ဆူပူအကြမ်းဖက် ဖြစ်စဉ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများ အသက်ခန္ဓာဆုံးရှုံးခဲ့ကြရသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် လမ်းတံတားများ၊ စက်ရုံအလုပ်ရုံများ၊ အဆောက်အဦများ များစွာပျက်စီးဆုံးရှုံး ထိခိုက်နစ်နာခဲ့ရကြောင်း၊ ထိုကဲ့သို့နိုင်ငံတော်မှ ထိခိုက်နစ်နာရသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လူမှုရေး၊ စီးပွားရေးအရ ထိခိုက်နစ်နာခဲ့ရခြင်းများရှိခဲ့ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ပေါင်းစည်းအား၊ ညီညွတ်သော စိတ်ဓာတ်တို့ဖြင့် ကာကွယ်သွားရမည်ဖြစ်ကြောင်း၊ တပ်နယ်များအလိုက် မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ဒေသအတွင်းအကြမ်းဖက်မှုများ မရှိစေရေး၊ လက်နက်ကိုင်၍ ပြည်သူလူထုကို အနိုင်ကျင့်နေမှုများ မရှိစေရေး နယ်မြေလုံခြုံရေးတာဝန်များကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်သားများ အနေဖြင့်လည်း တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ တပ်နှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လိုကြောင်း၊ တပ်တွင်း၊ တပ်ပြင်အင်အားများကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့ တာဝန်ထမ်းဆောင်နေရသည့် ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွဝိုင်းဝန်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်ပြီး ပြည်သူက လေးစားရသည့်၊ အားကိုးရသည့် စစ်သည်များဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့်အင်အားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တပ်မတော်သားတိုင်း အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်ပါက စစ်သားစိတ်မွေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သင်ကြားခဲ့ရသည့် စစ်ပညာများ၊ တွေ့ကြုံခဲ့ရသည့် လူမှုဆက်ဆံရေးအသိပညာ၊ အတတ်ပညာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသည့် မူဝါဒအတိုင်း စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့်အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများကို အမြဲလိုက်နာ ကျင့်သုံးနေရမည်ဖြစ်**ကြောင်း၊ စစ်မှုရေးရာကိစ္စရပ်များသာမက အခြားသောလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ထိုကဲ့သို့ ကျင့်သုံးဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

## ပညာရေးအားပေးရန်နှင့် စာပေဖတ်မှတ်လေ့လာတတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး

ပညာရေးနှင့် ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေးကို အထောက်အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနေရန် လိုကြောင်း၊ မိမိတို့ကိုယ်တိုင် အသိပညာ ဗဟုသုတများ ရရှိစေရေး စာပေဖတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ပညာရေးအားပေးရန်၊ စာပေဖတ်မှတ်တတ်သည့် အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်လိုကြောင်း၊ စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုစေပြီး အသိပညာ အတတ်ပညာကြွယ်ဝသည့်၊ ယဉ်ကျေးသိမ်မွေ့သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့်ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိတ္ထီလာဒေသတွင်ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်း များစွာရှိပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့် ပတ်သက်၍ မိမိတို့ တပ်မတော်သားများ၏ စားသောက်နေထိုင်မှုမှအစ လူနေမှုအဆင့်အတန်းများကို အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းပေးထားပြီး ရသင့်ရထိုက်သည့် ရပိုင်ခွင့်များအပြင် အခြားလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ မိတ္ထီလာတပ်နယ်မှူးနှင့် တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးနှင့် တိုင်းမှူး၏ ဇနီးတို့ကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေး နန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တံတားပြန်လည်တည်ဆောက်ရာတွင် ရှေးမူမပြတ် မူလပုံစံအတိုင်း တည်ဆောက်သကဲ့သို့ တံတားနှင့်ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်း စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ကျုံးမြို့ရိုးသာယာလှပစေရေးအတွက်လည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့ရိုးတစ်လျှောက် မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မိမိအနေဖြင့် ၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယတွင် လှိုက်လှဲနွေးထွေးစွာဖြင့် နှုတ်ခွန်းဆက်စကားများ ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီး၍ နွေးထွေးမှုရှိသည့်ဆက်ဆံရေးကို နှစ်နိုင်ငံအချင်းချင်းသာမက အာဆီယံတွင်လည်း မိမိတို့ အတူတကွလက်တွဲဆောင်ရွက်မှုများဖြင့် ဆက်လက်တိုးတက်လျက်ရှိပါသည်။ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့ အခွန့်ရှည်တည်တံ့ရေးအတွက် မိမိတို့၏ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ဆောင်ရွက်ရန်အတွက် မိမိအနေဖြင့် မျှော်လင့်လျက်ရှိပါသည်။

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာနိုင်ငံသားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းလည်း မိမိအနေဖြင့် ပြောကြားအပ်ပါသည်။

မြန်မာနိုင်ငံသားများ တိုးတက်ကြွယ်ဝပါစေကြောင်း မိမိအနေဖြင့် နွေးထွေးစွာဖြင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး - ၂ ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ယူဆွတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် မိမိမှဂုဏ်ပြုဝမ်းမြောက်စကားများ ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားရှိသည့်နယ်ပယ်များတွင် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ ပြည်သူများ၏အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြားသာမက အာဆီယံတွင်လည်း နီးကပ်သည့် မိတ်ဖက်နိုင်ငံများအဖြစ် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာလာစေရေးအတွက် အတူလက်တွဲဆောင်ရွက်ရန် မိမိအနေဖြင့် မျှော်လင့်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်းနှင့် ပျော်ရွှင်ဝမ်းမြောက်စရာကောင်းသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကို ဆင်နွှဲနိုင်ပါကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

---

❖ *ကျောဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅) ရပ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွလက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဖော်ဆောင်ပေးရေးစသည့် ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**“ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက် စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်”**

❑ **ပြည်ထောင်စုနေ့ အခမ်းအနားနှင့်ဆက်စပ်လျက် နေပြည်တော်ကောင်စီနယ်မြေ၌ပင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံး၏ MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း၊ ဒေသအသီးသီးမှ ထုတ်ကုန်ပစ္စည်းအချင်းချင်း ယှဉ်ပြိုင်မှုမှတစ်ဆင့် အရည်အသွေးနှင့် ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေခြင်းနှင့် ဖွံ့ဖြိုးစေခြင်းကိုရည်ရွယ်၍ MSME ထုတ်ကုန်ပြိုင်ပွဲကြီး တစ်ရပ် ကျင်းပရန်အပြင် ဒေသန္တရရိုးရာအစားအစာများကိုလည်း တစ်နေရာတည်း၌ပင် အမျိုးအစားစုံလင်စွာဖြင့် ထိတွေ့ခံစားနိုင်စေရန်အတွက်လည်း စီမံဆောင်ရွက်ကြရမည်ဖြစ်**

အမျိုးသားရေးဦးတည်ချက်(၅)ရပ် ချမှတ်သည့်အပေါ်တွင် ဒို့တာဝန်အရေး (၃)ပါး ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကထားပြီး ရည်ရွယ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ထူးခြားချက်အနေဖြင့် ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပချိန် တစ်ဆက်တည်းတွင် MSME ပြပွဲ၊ ပြိုင်ပွဲများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည့် အခမ်းအနားဖြစ်သောကြောင့် အတွေ့အကြုံများရှိကြပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်များက အခမ်းအနား၏ အတွေ့အကြုံများကိုလေ့လာပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရန်အတွက် အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ပြည်ထောင်စုနေ့ အခမ်းအနားနှင့်ဆက်စပ်လျက် နေပြည်တော်ကောင်စီနယ်မြေ၌ပင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံး၏ MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း၊ ဒေသအသီးသီးမှ ထုတ်ကုန်ပစ္စည်းအချင်းချင်း ယှဉ်ပြိုင်မှုမှတစ်ဆင့် အရည်အသွေးနှင့် ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေခြင်းနှင့် ဖွံ့ဖြိုးစေခြင်းကိုရည်ရွယ်၍ MSME ထုတ်ကုန်ပြိုင်ပွဲကြီးတစ်ရပ် ကျင်းပရန်အပြင် ဒေသန္တရ ရိုးရာအစားအစာများကိုလည်း တစ်နေရာတည်း၌ပင် အမျိုးအစားစုံလင်စွာဖြင့် ထိတွေ့ခံစားနိုင်စေရန်အတွက်လည်း စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက် စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍ ယခင်အခမ်းအနားများ ထက်ပို၍ တင်းတင်းကျပ်ကျပ် လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ဆောင်ရွက်နေကျလုပ်ငန်းများဖြစ်သော်လည်း မှားယွင်းမှု၊ လစ်ဟာမှု မရှိအောင် ဂရုစိုက် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီနှင့် ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

### ကဏ္ဍအလိုက်ဆွေးနွေး

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ ညစာသုံးဆောင်စဉ် အနုပညာရှင်များနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC–II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပညာရေးမှူးများ၊ ပါမောက္ခများ၊ ပညာရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ စာတမ်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပညာရေးဆိုင်ရာ အသုံးချ သုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) တွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်ကြသည့် China Geological Survey, Guangzhou Marine Geological Survey(GMGS)၊ Association of Southeast Asian Teacher Education Network(AsTEN) နှင့် Southeast Asian Ministers of Education Organization Technical Education Development (SAMEO TED) တို့မှ ကိုယ်စားလှယ်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) တွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စာတမ်းဖတ်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သဘာပတိအဖွဲ့ဝင်များ ကိုယ်စား ကိုယ်စားလှယ် တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း၊ စာတမ်းများ စိစစ်ပေးသည့် ပညာရှင်များ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးနှင့် ဆရာအတတ်ပညာရေးဆိုင်ရာ စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာစာတမ်းရှင်များ ကိုယ်စား စာတမ်းရှင်တစ်ဦးအား လည်းကောင်း၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ စာတမ်းရှင်များ ကိုယ်စား စာတမ်းရှင်တစ်ဦးအား လည်းကောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး စာတမ်းရှင်များ ကိုယ်စား စာတမ်းရှင် တစ်ဦးအားလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုညစာသုံးဆောင်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဘာသာစကား အရင်းအမြစ်နှင့် နည်းပညာ စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးနှင့် Young Generation Scientists စာတမ်းရှင်များ ကိုယ်စား စာတမ်းရှင် တစ်ဦးတို့အား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း၊ Organizing Committee ကိုယ်စားလှယ် တစ်ဦးအား အမှတ်တရ လက်ဆောင်ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**ကပြဖျော်ဖြေ**

ညစာ သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ တက္ကသိုလ်နှင့် ပညာရေး ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက တေးသံသာများ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသူများကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စာတမ်းဖတ်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သဘာပတိအဖွဲ့ဝင်များကိုယ်စား ကိုယ်စားလှယ် တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး စာတမ်းရှင်များ ကိုယ်စား စာတမ်းရှင် တစ်ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် စာတမ်းရှင်များ ကိုယ်စား စာတမ်းရှင် တစ်ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲ၊ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးဝင်းရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နေရောင်ခြည်စွမ်းအင်အသုံးပြု အိမ်သုံးဆိုလာ (Panels 120Watt Solar Home System) အစုံ ၁၅၀ ကို ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV DTH အစုံ ၅၀ နှင့် DVB T2 Set Top Box အလုံး ၅၀ ကို ပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းရာ ပြည်နယ် လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်မိသားစုများအတွက် MRTV DTH အစုံ ၃၀ နှင့် DVB T2 Set Top Box အလုံး ၅၀ ကို လှူဒါန်းရာ ဒုတိယတိုင်းမှူးက လည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်ရှိ မနောကွင်း၌ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အပိတ်မနောအကကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စုခြောက်မျိုး၊ ရှမ်းမျိုးနွယ်စုငါးမျိုးနှင့် ဗမာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ကရင်နှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ပညာရေးကောလိပ်နှင့် သူနာပြု သင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက မနောအကဦးဆောင်သူ နောင်ရှောင် (Nau Shawng)များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသသည့် အနေဖြင့် အောင်မြင်ခြင်းအထိမ်းအမှတ် မနောကွင်းအတွင်း တပျော်တပါး စုပေါင်းဆင်နွှဲကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ပြီး နောက် ၆ ရက်အကြာ ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် ကချင်ပြည်နယ်ကောင်စီ ညီလာခံကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတ စဝ်ရွှေသိုက် ကိုယ်တိုင် တက်ရောက်၍ ကချင်ပြည်နယ် အစိုးအရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ၎င်း ဇန်နဝါရီ ၁၀ ရက်ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၇)နှစ်မြောက် ရှိခဲ့ပြီဖြစ်သည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စီမံထူးချွန်ဆု (ပထမအဆင့်) ရရှိသူတစ်ဦးကို ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်စဉ်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးတို့သည် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင် လက်မှတ်၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။


ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ ရိုးရာယဉ်ကျေးမှု အဖွဲ့များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဆု၊ ဆုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်အပ်နှင်းနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ပေးအပ်ချီးမြှင့်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စီမံထူးချွန်ဆု (ပထမအဆင့်) ရရှိသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက စီးပွားထူးချွန်ဆုနှင့် လူမှုထူးချွန်ဆု (ပထမအဆင့်) ရရှိသူများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က စီမံထူးချွန်ဆု၊ စီးပွားထူးချွန်ဆုနှင့် လူမှုထူးချွန်ဆု (ဒုတိယအဆင့်နှင့် တတိယအဆင့်) ရရှိသူများကို လည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညနေပိုင်းတွင် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဂုဏ်ပြု ညစာစားပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူတကွ နွေးထွေးပျော်ရွှင်စွာသုံးဆောင်ကြပြီး ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို အားပေးကြည့်ရှုကြကာ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

ပြည်နယ်(ပြန်/ဆက်)


ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ မနောကွင်းအတွင်း တိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော Myanmar – Belarus Business Forum သို့ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၁၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည့် Myanmar – Belarus Business Forum သို့ တက်ရောက်အားပေးသည်။**




**တက်ရောက်**

အဆိုပါဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Maxim RYZHENKOV၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောက နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး အပြန်အလှန်ထူထောင်၍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အထူးစီးပွားရေးဇုန်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် နှစ်နိုင်ငံ အစိုးရများအနေဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးက ယခုခရီးစဉ်တွင် ဘယ်လာရုစ် စီးပွားရေးလုပ်ငန်းရှင်များလည်း အတူလိုက်ပါလာကြကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုတွေ့ဆုံပွဲမှ တစ်ဆင့် မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်မှုရယူ၍ မကြာမီကာလအတွင်း လုပ်ငန်းများ စတင်နိုင်မည်ဟု ယုံကြည်ကြောင်း ဆွေးနွေးပြောကြားသည်။

**ကဏ္ဍအလိုက် ရှင်းလင်း**

ယင်းနောက် နှစ်နိုင်ငံအကြား မြန်မာ့ထွက်ကုန်များမှ Export ဆောင်ရွက်မည့် ကိစ္စရပ်များ၊ စီးပွားရေး အခွင့်အလမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံတာဝန်ရှိသူများက ဓာတ်မြေသြဇာကဏ္ဍ၊ ကားထုတ်လုပ်ရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးဆိုင်ရာကဏ္ဍ၊ ရေထွက်ပစ္စည်းထုတ်ကုန်ဆိုင်ရာကဏ္ဍစသည်ဖြင့် ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ဖိုရမ်အပြီးတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့တက်ရောက်၍ စီးပွားရေးချိတ်ဆက်ဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် Myanmar – Belarus Business Forum တွင် ဓာတ်မြေသြဇာလုပ်ငန်း၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ကျန်းမာရေးဝန်ဆောင်မှု၊ ဆေးဝါးထုတ်ကုန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် စားသောက်ကုန်ဆိုင်ရာကဏ္ဍများကို အဓိကဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဦးမင်းနောင် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ




မြစ်ကြီးနား ဇန်နဝါရီ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ရှိ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများက ဘဏ္ဍာနှစ်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှုနှင့် မွေးမြူရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်အောင်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများ၏ လိုအပ်ချက်၊ အခက်အခဲများတင်ပြနိုင်အောင် ဆန္ဒထုတ်ဖော်ပွဲများပြုလုပ်၍ စီမံခန့်ခွဲဆောင်ရွက်ကြရန်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရပ်များကို လုပ်ဆောင်ပြသရန်၊ မြေပို၊မြေလွတ်များတွင် စိုက်ပျိုးရေးဆောင်ရွက်ကြရန်၊ လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ လိုက်နာကျင့်ကြံ နေထိုင်ကြရန် မှာကြားပြီး ဝန်ကြီးဌာနအောက်ရှိဌာနများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးမြင့်အောင်၊ ဒေါ်ဆွေဇင်ထိုက်နှင့် ဆပ်ကော်မတီမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လျာထားသတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များမှာ အတိုင်းအတာတစ်ခုအထိ ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိသည်များ လစ်ဟာမှုမရှိစေရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ယခင်နှစ်က အတွေ့အကြုံရှိပြီးဖြစ်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ (ဆဋ္ဌမအကြိမ်) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

### အပြာရောင်စီးပွားရေး၏ အခွင့်အလမ်းများစွာရှိသကဲ့သို့ စိန်ခေါ်မှုများကိုလည်း ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်





**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ (ဆဋ္ဌမအကြိမ်) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ် လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်များ ရရှိရေးအတွက် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများက ဆောင်ရွက်လျက်ရှိရာ "အပြာရောင်စီးပွားရေး (Blue Economy)" သဘောတရားများ ဖော်ထုတ် ဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေး ဖော်ထုတ်နိုင်မည့် အလားအလာအနေဖြင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ စုံလင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကို ထောက်ပံ့ပေးနိုင်ခြင်း၊ ငါး၊ ပုဇွန်၊ ဂဏန်း စသည့် ရေထွက်ကုန်အမျိုးမျိုး ထုတ်လုပ်ရန် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများနှင့် ရေထွက်သယံဇာတများ မွေးမြူနိုင်ခြင်း၊ ပုလဲမွေးမြူခြင်းနှင့် ထုတ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း၊ ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရေရှည်ထုတ်ယူနိုင်မည့် အလားအလာကောင်းများ ရှိခြင်း၊ နေ၊ ရေ၊ လေ စွမ်းအင် စသည့် ပြန်လည်ပြည့်မြဲစွမ်းအင်များ ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေလမ်းကြောင်းအတွက် အချက်အချာကျပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းများ ဖွံ့ဖြိုးနိုင်ခြေရှိခြင်း၊ သဘာဝအတိုင်း တည်ရှိနေသည့် ကမ်းခြေနှင့် ကျွန်းများ တည်ရှိပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးနိုင်ခြင်း၊ ကမ်းရိုးတန်းနေ တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ စုံလင်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း စသည့် အခွင့်အလမ်းများစွာကို ဖော်ထုတ်အသုံးပြုခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ အပြာရောင်စီးပွားရေး၏ အခွင့်အလမ်းများစွာရှိသကဲ့သို့ တစ်ဖက်တွင်လည်း စိန်ခေါ်မှုများကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

**ဆွေးနွေးပေးစေလို**

ရေရှည်တည်တံ့သော ကမ်းရိုးတန်း ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး ပူးပေါင်းပြီး လက်တွေ့ကျကျ အကောင်အထည် ဖော်ဆောင်သွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအစဉ်၊ အစီအမံများနှင့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်တိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ်များ ဆောင်ရွက်နေမှု၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှေ့ဆက် ဆောင်ရွက်သွားမည့် အစီအစဉ်၊ အစီအမံများနှင့် အပြာရောင်စီးပွားရေး (Blue Economy) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပညာရေးဆိုင်ရာ အသုံးချသုတေသနနိုင်ငံတကာညီလာခံ(၂၀၂၅)ကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွှန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ စာတမ်းဖတ်ပွဲ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါညီလာခံကို ပညာရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်ကိုညွှန်ပြခြင်းဟူသောဦးတည်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် သက်ဆိုင်ရာဘာသာရပ်အလိုက် စာတမ်းဖတ်ပွဲများကို အုပ်စု(၆)စု၊ အခန်း(၇)ခန်းခွဲ၍ ဆက်လက်ကျင်းပသည်။




Parallel Session 1 တွင် ဆရာအတတ်ပညာရေးဆိုင်ရာစာတမ်းများ၊ Parallel Session 2 တွင် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်စာတမ်းများ၊ Parallel Session 3 နှင့် 4 တို့တွင် သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာစာတမ်းများ၊ Parallel Session 5 တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ စာတမ်းများ၊ Parallel Session 6 တွင် ဘာသာစကားအရင်းအမြစ်နှင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာစာတမ်းများ၊ Parallel Session 7 တွင် မျိုးဆက်သစ်လူငယ်များ၏ ပညာရပ်ဆိုင်ရာပါရဂူစာတမ်းများကို စာတမ်းရှင်များက ဖတ်ကြားကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် Parallel Session အလိုက် သုတေသနစာတမ်းများဖတ်ကြားဆွေးနွေးမှု အနှစ်ချုပ်ကို ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမိုးလွင်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေအောင်နှင့် မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ စီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဘုန်းကျော်တို့က ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက သိပ္ပံနှင့် နည်းပညာ စွမ်းပကားများဖြင့် နောင်လာနောက်သားမျိုးဆက်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်ကောင်းမွန်သည့် လူမှုစီးပွားဘဝနှင့်အတူ ပိုမိုတောက်ပသည့်အနာဂတ်ကို လက်ဆင့်ကမ်းပေးပြီး နိုင်ငံအကျိုး ဒေသအကျိုးသယ်ပိုးထမ်းရွက်ကြစေလိုပါကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအိမ်ရာသို့သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက စစ်မှုထမ်းဟောင်း အိမ်ရာအတွင်း လေးခန်းတွဲ ခြောက်ထပ် အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာတည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကျေးရွာသစ်တော၊
ထင်းမျှောအိမ်တိုင်၊
လှိုင်လှိုင်ရဖို့၊
စိုက်ပျိုးစို့။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ရောဝတီရိပ်သာ အစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စီမံကိန်းပါ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တိုင်းရင်းသားရေးရာကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှန်ကန်စွာသုံးစွဲရေး၊ အလေအလွင့်၊ ဆုံးရှုံးမှု၊ မသမာမှုမရှိစေရေးနှင့် နိုင်ငံတော်၏ ခြိုးခြံချွေတာရေးမူများကို အထူးအလေးဂရုပြု လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက အားပေးစကားပြောကြားပြီး ဝန်ထမ်းများက ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တွေ့ကြုံရသည့်အခက်အခဲနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**ရန်ကုန် ဇန်နဝါရီ ၁၀**

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် ဘယ်လာရုစ်ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးသို့ သွားရောက်၍ ရိုးရာလက်မှုပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေခြည်ငွေခြည်ထိုး လက်ရာပစ္စည်းများ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မြို့တော်ခန်းမ၊ ဝန်ကြီးများရုံးနှင့် ကန်တော်ကြီး ဥယျာဉ်တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ကန်တော်ကြီးဥယျာဉ်ရှိ ကရဝိတ်ခန်းမ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လေ့လာကြသည်။

ယင်းနောက် ဗဟန်းမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များနှင့်အတူ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်တို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံ စေတီတော်ပုံတော်နှင့် မှတ်တမ်းစာအုပ်ကို လက်ဆောင်ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ၊ စည်သူ ဦးသန်းထွန်းဦး (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များကို အဝေးရောက်လက်ခံယူသည့် ကာယကံရှင်များထံသို့ လက်ရောက်ချီးမြှင့်အပ်နှင်း

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သီရိပျံချီ၊ စည်သူ ဦးသန်းထွန်းဦး သည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အတွင်းရှိ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များကို အဝေးရောက်လက်ခံယူသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ သွားရောက်ပြီး လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ထိုသို့ ပေးအပ်ရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် စည်သူဘွဲ့ရရှိသူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ (ငြိမ်း) ဦးသိန်းစိုးနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး (ငြိမ်း) ဦးမြသိမ်းတို့ထံ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာ



ပေးဟောပြောပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဓာတ်မာန်တေးသီချင်းဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)က "မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) ထံ ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ဒုတိယဝန်ကြီးက အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ Aliance ငွေစုငွေချေးရုံးမှ ငွေများအား အဆိုပါရုံးမှ ရုံးဝန်ထမ်းနှစ်ဦး၊ ညစောင့်တစ်ဦးနှင့် သော့ဖျက်ပေးသူ အမျိုးသားတစ်ဦးတို့က ပူးပေါင်းစီစဉ်ရယူခဲ့ကြပြီး ညှော်စာရင်းလာစစ်သည့်အဖွဲ့များက တံခါးဖျက်ယူဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း လီဆယ်သတင်းပို့ခဲ့သည့်ဖြစ်စဉ်အား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၉) ပွေးတောင်ရပ်ကွက်နေ Aliance ငွေစုငွေချေးရုံးမှ မန်နေဂျာဖြစ်သူ ဦးဇော်ဇော်အောင်သည် ရပ်ကွက်ကြီး (၆) သစ်တောလမ်းနှင့် ချယ်ရီလမ်းထောင့်ရှိ Aliance ငွေစုငွေချေးရုံးသို့ရောက်ရှိစဉ် ရုံးညစောင့်ဖြစ်သူ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၇) သာယာကုန်းကျေးရွာနေ ဦးခင်မောင်ကြည်(၅၉)နှစ် (ဘ) ဦးကြည်၏ ပြောပြချက်အရ ဇန်နဝါရီ ၈ ရက် ည ၁၂ နာရီခွဲတွင် ၎င်းမှ ငွေစုငွေချေးရုံး၌ ညစောင့်တာဝန်ဆောင်ရွက်နေစဉ် အနက်ရောင် ဘောင်းဘီရှည်၊ အနက်ရောင် အနွေးထည်အင်္ကျီဝတ်ထားသူ အမည်မသိအမျိုးသားနှစ်ဦးက ယာဉ်အမှတ် 1E/ 2737 HONDA FIT အမျိုးအစားအဖြူရောင် မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး ညှော်စာရင်းစစ်ဆေးမည်ဟု ပြောဆို၍ ရုံးခြံဝင်းအတွင်းသို့ ဝင်လာကာ ရုံးပြူတင်းပေါက်သံပန်းတံခါးအား သံချောင်းဖြင့် ကန့်လန့်ဖွင့်၍ ရုံးခန်းအတွင်းထားရှိသည့် မြန်မာငွေစက္ကူရောရာ ငွေကျပ် ၁၀၀၃၀၂၄၀၀ ထည့်ထားသည့် LECCO တံဆိပ်ပါ မီးခံသေတ္တာတစ်လုံးနှင့် ရုံးအတွင်း တပ်ဆင်ထားသည့် CCTV ကြိုးများအား ဖြတ်တောက်၍ CCTV မှတ်တမ်းအထိုင်စက်တို့အား ယူဆောင်သွားခဲ့ကြောင်း သိရှိရသဖြင့် ပြင်ဦးလွင်မြို့မရဲစခန်းသို့ လာရောက်သတင်းပို့ တိုင်တန်းခဲ့ရာ ကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး ပြင်ဦးလွင်မြို့မရဲစခန်း (ပ) ၉/ ၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၄၅၇/၁၁၅ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားစဉ် ညစောင့်တာဝန်ဆောင်ရွက်နေသည့် Aliance ငွေစုငွေချေးရုံးမှ ညစောင့်ဖြစ်သူ ဦးခင်မောင်ကြည်အား စစ်ဆေးခဲ့ရာ ဇန်နဝါရီ ၈ ရက် ည ၉ နာရီခွဲတွင် Aliance ငွေစုငွေချေးရုံးရှေ့သို့ အဆိုပါငွေစုငွေချေးရုံးမှ ကြီးကြပ်ရေးမှူးဖြစ်သူ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၉) ငါးရံ့ချောင်းကျေးရွာနေ အောင်ကိုကို(၃၃)နှစ် (ဘ) ဦးဌေးဝင်းနှင့် ချေးငွေတာဝန်ခံဖြစ်သူ ရပ်ကွက်ကြီး(၂၁) နေ ငြိမ်းချမ်းဖြိုး(ခ)အိုက်ပီး(၂၈) နှစ် (ဘ) ဦးညွန့်ဖေတို့နှစ်ဦးက မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး ရုံးခန်းအတွင်းရှိ မီးခံသေတ္တာအား ခိုးယူမည်ဖြစ်ကြောင်း၊ အောင်မြင်ပါက ငွေကျပ်သိန်း ၁၅၀ ပေးမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများမေးမြန်းပါက ညှော်စာရင်းလာရောက်စစ်ဆေးသည့် အဖွဲ့များက ခြိမ်းခြောက်ယူဆောင်သွားခဲ့သည်ဟု လီဆယ်ထွက်ဆိုပေးရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ ယုတ္တိရှိစေရန် ၎င်းအား လက်နှင့် ခြေထောက်တို့တွင် တိပ်အပြာဖြင့် ပတ်ထားခဲ့ပြီ ရုံးအတွင်းရှိ မီးခံသေတ္တာတစ်လုံးနှင့် CCTV အထိုင်စက်တို့အား ယူဆောင်သွားခဲ့ကြခြင်းဖြစ်ကြောင်း၊ ညစောင့်ဖြစ်သူ ဦးခင်မောင်ကြည် အနေဖြင့် လုပ်ငန်းအောင်မြင်ပါက ၎င်းအား ငွေကျပ်သိန်း ၁၅၀ ပေးမည်ဟု အောင်ကိုကိုတို့နှစ်ဦးက မက်လုံးပေး စည်းရုံးထားသဖြင့် မန်နေဂျာဖြစ်သူ ဦးဇော်ဇော်အောင်ထံ ဖြစ်စဉ်ကိုအမှန်အတိုင်း တင်ပြခြင်းမရှိဘဲ ၎င်းကိုယ်တိုင် ပါဝင်ပူးပေါင်းကျူးလွန်၍ ဖြစ်စဉ်အမှန်အား ဖုံးကွယ်ကာ လုံခြုံရေးအဖွဲ့အစည်းများအပေါ် အများပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် လီဆယ်ထိမ်ချန်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံဖြစ်သူ ခင်မောင်ကြည်၏ ထွက်ဆိုချက်အရ ကျန်တရားခံများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း ပိတ်ဆို့စစ်ဆေးရှာဖွေခဲ့ရာ ဇန်နဝါရီ ၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့ စံပယ်လမ်းနှင့် နဝရတ်လမ်းထောင့်၌ အဆိုပါငွေစုငွေချေးရုံးမှ ကြီးကြပ်ရေးမှူးဖြစ်သူ အောင်ကိုကို၊ ငွေချေးတာဝန်ခံဖြစ်သူ ငြိမ်းချမ်းဖြိုး(ခ) အိုက်ပီးနှင့် မီးခံသေတ္တာအတွင်းမှ ငွေများထုတ်ယူရရှိနိုင်ရေး သော့တုဖြင့် ဖွင့်လှစ်ပေးသူ ရပ်ကွက်ကြီး(၇)နေ ဆန်းအေး(ခ) ကာဒရ်ဘိုင် (၅၂) နှစ် (ဘ) ဦးမူဆာတို့သုံးဦးအား ငွေကျပ် ၉၉၇၀၂၄၀၀၊ LECCO တံဆိပ်ပါ မီးခံသေတ္တာတစ်လုံး၊ ရုံးသုံးလက်တော့ နှစ်လုံး၊ ရုံးသုံးကြိုးဖုန်းတစ်လုံး၊ ရုံးသုံး CCTV သုံးလုံး၊ အစိမ်းရောင်တိပ်ခွေ တစ်ခု၊ ကတ်ကြေးတစ်လက်၊ ရုံးသုံး Tablet တစ်လုံး၊ ကျောပိုးအိတ်နှစ်လုံးနှင့် ပြစ်မှုကျူးလွန်စဉ် အသုံးပြုမောင်းနှင်ခဲ့သည့် ယာဉ်အမှတ် 1E/2737 HONDA FIT အမျိုးအစား အဖြူရောင်မော်တော်ယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် Aliance ငွေစုငွေချေးရုံးမှ တရားခံအောင်ကိုကို၊ ငြိမ်းချမ်းဖြိုး(ခ) အိုက်ပီးနှင့် ခင်မောင်ကြည်တို့ သုံးဦးသည် ငွေစုငွေချေးရုံးမှ ငွေများအား ညအချိန် ပုန်းလျှိုးကျော်နင်း ဝင်ရောက်ယူဆောင်ရာတွင် ၎င်းတို့ ကျူးလွန်သည့် ပြစ်မှုအား ဖုံးကွယ်၍ ရပ်ရွာလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးအဖွဲ့အစည်းများအပေါ် ထင်ယောင်ထင်မှားဖြစ်၍ ယုံကြည်မှုကျဆင်းစေရန်နှင့် အများပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် လီဆယ်ကျူးလွန်ခဲ့ကြခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် တရားခံ အောင်ကိုကိုပါသုံးဦးနှင့် ပူးပေါင်းကျူးလွန်သူ တရားခံ ဆန်းအေး (ခ) ကာဒရ်ဘိုင်တို့ လေးဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူ (ဝဲမှယာ) တရားခံခင်မောင်ကြည်၊ ဆန်းအေး(ခ)ကာဒရ်ဘိုင်၊ ငြိမ်းချမ်းဖြိုး(ခ)အိုက်ပီး၊ အောင်ကိုကို တို့အား သက်သေခံပစ္စည်းများ၊ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် မော်တော်ယာဉ်တစ်စီး တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



## ဝါးခယ်မမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ

**ဝါးခယ်မ ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ယနေ့ မွန်းလွဲ ၃ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သန်းက သင်တန်းဆင်းပွဲ အမှာစကားပြောကြားသည်။

သင်တန်းကို အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းသား ၁၀၀ တက်ရောက်ရာ သင်တန်းသားများအား ရေစိုလေ့ကျင့်ခန်း (Wet Drill) လက်တွေ့သရုပ်ပြသင်တန်းတွင် ဆုရရှိသည့် သင်တန်းသားများအား ဆုများချီးမြှင့်ပြီး မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း (ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များကမီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများက မြို့ရွာများအတွင်း ဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့ရွာများအတွင်း အကြမ်းဖက်သမားများ ဝင်ရောက်မလာစေရန် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက Drone များကို အသုံးပြု၍ မီးလောင်ဗုံးများဖြင့် တိုက်ခိုက်ရာမှ လူနေအိမ်အဆောက်အအုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် ဖြစ်စဉ်ဖြစ်ရပ် မှန်ကန်မှုမရှိသည့် သတင်းမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ဆောင်းမုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ်ပေါင်း ၁၆၅၀ ဖျက်သိမ်း

**ဟူစတန် ဇန်နဝါရီ ၁၀**





အမေရိကန်ပြည်ထောင်စု ဒုတိယအကြီးဆုံး ပြည်နယ်ဖြစ်သည့် တက္ကဆက်ပြည်နယ် တစ်လွှားလေဆိပ်များတွင် ဇန်နဝါရီ ၉ ရက်က ဆောင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်ပေါင်း ၁၆၅၀ ခန့် ဖျက်သိမ်းခဲ့ရသည်ဟု ဖလိုက်အဝဲလ်ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဓိက လေဆိပ်ကြီးများတွင် ဇန်နဝါရီ ၉ ရက်က လေကြောင်း ခရီးစဉ်ပေါင်း ၁၃၀၀၀ ကျော် နှောင့်နှေးမှုဖြစ်ပေါ်ခဲ့ရသည်ဟု ဖလိုက်အဝဲလ်၏ ထုတ်ပြန်ချက်များအရ သိရသည်။

တက္ကဆက်ပြည်နယ်မှ ကာရိုလိုင်းနားအထိ မိုင်ပေါင်း ၈၀၀ အကွာအဝေးအတွင်း မုန်တိုင်းကြောင့် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခြင်း၊ အပူချိန်အလွန်အမင်း ကျဆင်းခြင်းတို့ ဖြစ်ပေါ်ခဲ့သည်ဟု အမေရိကန် အမျိုးသားမိုးလေဝသဌာနက ပြောကြားခဲ့သည်။

တက္ကဆက်ပြည်နယ် မြောက်ပိုင်းရှိ ဒေသများတွင် ဆောင်းမုန်တိုင်း သက်ရောက်မှုကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းအထိ ခံစားရမည်ဟု သတိပေးထားသည်။ ဇန်နဝါရီ ၈ ရက်ညနေပိုင်းအထိ ပြည်နယ်မြောက်ပိုင်းတွင် စာသင်ကျောင်းများ ပိတ်ထားကြောင်း သိရသည်။

မုန်တိုင်းအတွင်း ပြည်နယ်ဓာတ်အားလိုင်းများ ချွတ်ယွင်းမှု မဖြစ်ပေါ်စေရေး မျှော်မှန်းထားသော်လည်း အေးခဲပြီးသစ်ပင်များ ပြိုလဲမှုကြောင့် ဓာတ်အားလိုင်းများ ပြတ်တောက်သည့်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂရက်အက်ဘော့က ပြောသည်။

၂၀၂၁ ခုနှစ်က ရေခဲမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြည်နယ်၏ မဟာဓာတ်အားလိုင်း ပျက်စီးမှုကြောင့် လူ ၁၀၀ ကျော် သေဆုံးခဲ့ရသည်။

ဆင်ဟွာ

# ကာတာနိုင်ငံက ဆီးရီးယားနိုင်ငံသို့ အစားအသောက် အကူအညီ ၃၁ တန် ပေးပို့

**ဒိုဟာ ဇန်နဝါရီ ၁၀**

ကာတာလေတပ်လေယာဉ်ဖြင့် အစားအသောက် တန်ချိန် ၃၁ တန်ကို ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်သို့ ဇန်နဝါရီ ၉ ရက်က ပို့ဆောင်ပေးခဲ့ကြောင်း၊ ဆီးရီးယားပြည်သူများကို ထောက်ပံ့ကူညီရန် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

**လေးကြိမ်မြောက်ပို့ဆောင်ပေး**

ကာတာဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် အဆိုပါအကူအညီများ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ယခုတစ်ကြိမ် အစားအသောက်များပေးပို့ခြင်းသည် လေးကြိမ်မြောက်အဖြစ် အစားအသောက်များ လေယာဉ်ဖြင့် ပို့ဆောင်ပေးခြင်းဖြစ်သည်။

**အရပ်သားလေယာဉ် ပထမဦးဆုံးအကြိမ် ဆိုက်ရောက်**

ဇန်နဝါရီ ၇ ရက်တွင် ဒမတ်စကတ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒိုဟာမြို့မှလာသည့် အရပ်သားလေယာဉ် ပထမဦးဆုံးအကြိမ်ဆိုက်ရောက်ခဲ့သည်ဟု လေဆိပ်တာဝန်ရှိသူများက ပြောသည်။

ဇန်နဝါရီ ၅ ရက်တွင် ကာတာဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဘင်အဗ္ဗဒူလာဟမ် ဘင်ဂျက်စမင် အယ်သာနီသည် ဆီးရီးယားအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။

ဆင်ဟွာ

# ဩစတြီးယားနိုင်ငံ၏ ယာယီ ဝန်ကြီးချုပ်အဖြစ် နိုင်ငံခြားရေးဝန်ကြီး ရှဲလန်ဘာ့ဂ် ကျမ်းသစ္စာကျိန်ဆို

**ဗီယင်နာ ဇန်နဝါရီ ၁၀**

ဩစတြီးယား ဝန်ကြီးချုပ်ကားလ်နီဟမ်မာ မကြာသေးမီက နုတ်ထွက်သွားပြီးနောက် နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒား ရှဲလန်ဘာ့ဂ်က ယာယီဝန်ကြီးချုပ်အဖြစ် ဇန်နဝါရီ ၁၀ ရက်က ကျမ်းသစ္စာကျိန်ဆိုသည်။

ရှဲလန်ဘာ့ဂ်က အစိုးရသစ်မဖွဲ့မချင်း နိုင်ငံခြားရေးဝန်ကြီးတာဝန်နှင့်အတူ အိမ်စောင့်အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ဩစတြီးယားသမ္မတ အလက်ဇန္ဒား ဗန်ဒါဘယ်လင်န်တက်ရောက်ခဲ့ပြီး ဤစိန်ခေါ်မှုကာလအတွင်း ရှဲလန်ဘာ့ဂ်က တာဝန်နှစ်ရပ်လုံးကို ထမ်းဆောင်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ရှဲလန်ဘာ့ဂ်သည် လာမည့်သီတင်းပတ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည့် ဘရပ်ဆဲလ်သို့ သွားရောက်ရန် စီစဉ်ထားကြောင်း ဩစတြီးယားသတင်းဌာန အေပီအေက ဆိုသည်။

အသက် ၅၅ နှစ်အရွယ် ရှဲလန်ဘာ့ဂ်သည် ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးအဖြစ် ၂၀၁၉ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ဝန်ကြီးချုပ်ဟောင်း ဆီဘက်ရှန်ကာ့ဇ်နုတ်ထွက်ပြီးနောက် ၂၀၂၁ ခုနှစ်ကလည်း ယာယီဝန်ကြီးချုပ်ရာထူးကို နှစ်လခန့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။



ဩစတြီးယားယာယီဝန်ကြီးချုပ် အလက်ဇန္ဒား ရှဲလန်ဘာ့ဂ်။

ပြီးခဲ့သည့် သီတင်းပတ်ကုန်က ကားလ်နီဟမ်မာက ဝန်ကြီးချုပ်နှင့် ပြည်သူ့ပါတီ၏ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာပြီးနောက် ဩစတြီးယားတွင် နိုင်ငံရေးဆိုင်ရာ လှုပ်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဇန်နဝါရီ ၆ ရက်က သမ္မတဗန်ဒါဘယ်လင်န်က လက်ယာစွန်း လွတ်လပ်ရေး ပါတီခေါင်းဆောင် ဟားဘာ့ထ်ကစ်ကဲလ်အား အစိုးရသစ်ဖွဲ့ရန် တာဝန်ပေးအပ်ထားကြောင်း သိရသည်။

ဆင်ဟွာ



# ပါကစ္စတန်နိုင်ငံ၌ ကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် တစ်ဦးသေဆုံးပြီး ၁၁ ဦး ပိတ်မိနေ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၀**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ်၌ ပေါက်ကွဲမှုတစ်ခုကြောင့် ကျောက်မီးသွေးတွင်း ပြိုကျခဲ့ပြီး မိုင်းတွင်းလုပ်သားတစ်ဦး သေဆုံးကာ ပေပေါင်းထောင်ချီနက်သည့် မြေအောက်တွင် ၁၁ ဦး ပိတ်မိနေကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၀ ရက်က ပြောသည်။

ဘလိုချီစတန်မိုင်းတွင်း စစ်ဆေးရေးအရာရှိချုပ် အဗ္ဗဒူဂါနီ ဘလေ့ချ်က မြို့တော်ဆန်ဂျီဒီရေိယာရှိ မိုင်းတွင်းတစ်ခု၌ မိုင်းတွင်းလုပ်သားများက ကျောက်မီးသွေးတူးဖော်စဉ် မီသိန်းဓာတ်ငွေ့ကြောင့် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း မီဒီယာများကို ပြောကြားသည်။ ကျောက်မီးသွေးတွင်းတွင် နာရီပေါင်းများစွာ ပိတ်မိနေသည့် မိုင်းတွင်းလုပ်သား ၁၁ ဦးကို ကယ်ဆယ်ရေးလုပ်ဆောင်လျက်ရှိသကဲ့သို့ မိုင်းတွင်းလုပ်သားတစ်ဦး၏ ရုပ်အလောင်းကိုလည်း တွေ့ရှိထားကြောင်း ၎င်းက ပြောသည်။

အင်ဂျင်နီယာများနှင့် အခြားကယ်ဆယ်ရေးဝန်ထမ်းများ ပါဝင်သည့် အဖွဲ့အများအပြားကိုစေလွှတ်ထားပြီး အပျက်အစီးများကို ဖယ်ရှားကာ ကယ်ဆယ်ရေးသမားများ ဝင်ရောက်နိုင်ရေးဆောင်ရွက်နေကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

ဓာတ်ငွေ့ပေါက်ကွဲပြီးနောက် မိုင်းတွင်းမှာ လုံးဝပြိုကျခဲ့ပြီး မိုင်းတွင်းသို့သွားရာလမ်းအားလုံး ပိတ်ဆို့ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို နှောင့်နှေးလျက်ရှိကြောင်း ကယ်ဆယ်ရေးသမားများက ပြောကြားသည်။

ဆင်ဟွာ

# ဂါဇာပဋိပက္ခဖြစ်ပွားသည့်အချိန်မှစ၍ ဟူသီသူပုန်များက အစ္စရေးဘက်သို့ ဒုံးကျည် အစင်း ၄၀၊ ဒရုန်း ၃၂၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်

**ဂျေရုဆလင် ဇန်နဝါရီ ၁၀**

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ယီမင်နိုင်ငံမှ ဟူသီသူပုန်များသည် အစ္စရေးနိုင်ငံဘက်သို့ မြေပြင်ပစ်ဒုံးကျည် အစင်း ၄၀ ခန့်နှင့် ဒရုန်း ၃၂၀ ခန့်တို့ဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း ဇန်နဝါရီ ၉ ရက်တွင် အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်။



ဂါဇာဒေသရှိ ပါလက်စတိုင်းတို့နှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်အနေဖြင့် ယင်းသို့ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးဘက်ကလည်း ယီမင်နိုင်ငံဘက်သို့ ကြောက်မက်ဖွယ် လေကြောင်းတိုက်ခိုက်မှုများဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။ ဒုံးကျည်အများအပြားကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်၏ ကြေညာချက်အရ သိရသည်။

ဒရုန်းအစင်းပေါင်း ၁၀၀ ကျော်ကို အစ္စရေးလေတပ်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။

ယခုအချိန်အထိ ထိထိရောက်ရောက် ထိမှန်မှုနှစ်ခုသာရှိခဲ့ပြီး အခြားဒရုန်းများသည် ကွင်းပြင်များတွင် ကျရောက်ခြင်း၊ အစ္စရေးနယ်မြေအပြင်ဘက်တွင် ကျရောက်ခြင်းတို့ကြောင့် ထိခိုက်ပျက်စီးမှု သိသိသာသာမရှိခဲ့ကြောင်း သိရသည်။ ယင်းသို့ တိုက်ခိုက်မှုများကြောင့် အစ္စရေးနိုင်ငံတွင် သေဆုံးပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ဆင်ဟွာ

# ပြည်ထောင်စုစိတ်ဓာတ်မပျက် ရှေ့ဆက်ရမည့် အနာဂတ်မြန်မာ ...

**မြန်မာ့လွတ်လပ်ရေး၊ မြန်မာ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်သိက္ခာ မြင့်မားရေးအတွက် မြန်မာပြည်သား တစ်ယောက်ထက် ပို၍ တာဝန်ရှိသူမရှိပါ။ ၂၀၄၈ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး နှစ်တစ်ရာပြည့်ပွဲသဘင်ဆင်နွှဲနိုင်ဖို့ တာဝန်အရှိဆုံးသူများမှာ ယနေ့အသက်ရှင်နေသော ကျွန်တော်တို့ခေါင်းပေါ်တွင် တာဝန်ကျနေရုံသာမက အနာဂတ်မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ အပြောမဟုတ်ဘဲ အလုပ်နှင့်သက်သေပြရန် အမွေချန်ထား ခဲ့ဖို့လိုပါသည်။**

ဒေါက်တာခင်မောင်လွင်

ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းများတွင် သူများခြေတစ်လှမ်းလှမ်းလျှင် မြန်မာတို့က ခြေလှမ်းနှစ်ဆယ်မျှ လှမ်းကြပါမှ **"အတော့်ကို ပြေအောင်လုပ်နိုင်ပါမှ တန်ကာကျမည်"** ဟူသော ဆိုစကားမှာ ယနေ့ထက်ထိ လက်တွေ့လုပ်သူမရှိသော ကျွန်တော်တို့ ခေတ်လူထုအတွက် ရက်စရာ ပင်ကောင်းတော့၏။

**ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ**

ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးထက် အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ဖျက်ဆီးသည့် လုပ်ရပ်များဖြင့် ပျော်ပါးနှစ်ခြိုက်နေသူများရှိသလို **"လက်နက်ကိုင် စီးပွားရေး"** လုပ်ရသည့်အရသာကို တွေ့သွားကြသဖြင့် **"ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ"** သော မြန်မာနိုင်ငံကြီးဖြစ်၍နေပါသည်။

ကျွန်တော်လူဖြစ်လာကတည်းက ပတ်ဝန်းကျင်တွင် မိုင်းထောင်၊ တံတားချိုး၊ ရထားလမ်းဖျက် သတင်းနှင့် ဂယက်များကြောင့် အနေကျပ်ခဲ့ရာမှ တစ်သက်တာဒဏ်ခံရပြီး သေခါနီးကျမှ ရှေးယခင်ကအတိုင်း မိုင်းဆွဲတိုက်ပွဲများအကြောင်းကို ကြားနေမြင်နေရသဖြင့် အနေကျပ်ပြီးလျှင် အသေကျပ်ဦးမည်မှာ သေချာသလောက်ရှိနေပါသည်။ ကျွန်တော့်သက်တမ်းတစ်လျှောက် မပြီးမြောက်နိုင်သည့် ငြိမ်းချမ်းစွာ ထိပ်တန်းရောက်နိုင်မည့်အခွင့်အရေးကို မျိုးဆက်သစ်တို့ ရနိုင်စေရန် လမ်းကြောင်းဖွင့်ခဲ့ဖို့သာ တတ်နိုင်ပါသည်။

သို့ဖြစ်၍ **"မြန်မာ-၂၀၄၈"** ခေါင်းစဉ်ဖြင့် စာတမ်းတစ်ခု ပြုစုထားရစ်ခဲ့ပါသည်။ မဖြစ်မနေ ပြန်လှည့်ကြည့်သင့်သည့်သမိုင်း၊ အားမနာတမ်း သုံးသပ်သင့်သည့် ပစ္စက္ခအခြေအနေနှင့် ပြတ်ပြတ်သားသား အုတ်မြစ်ချတည်ဆောက်ကြရမည့် မြန်မာ့ဗိမာန်ကြီးအတွက် စိတ်ကူးယဉ်မဟုတ်သော အိပ်မက်များကို အိပ်မပျော်နိုင်ဘဲ မက်ကာ အိပ်ပျက်ရက်တွေ ကြာရှည်နေရပါ၏။

သန့်ရှင်း - တည်မြဲအကွဲ ချောက်ထဲကျရန် လက်နှစ်လုံးအလိုဖြစ်နေ၍ မြန်မာနိုင်ငံကို ကယ်တင်ခဲ့သည်ဆိုသော လမ်းစဉ်ပါတီကြီး၏အကွဲ၊ တစ်ပါတီစနစ်အောက်မှာ ခံစားခဲ့ရသည့် အမှတ်တရနေ့ရက်များ၊ သပိတ်စုံ၍ သူပုန်ထခဲ့ကြသော အရေးအခင်းများတို့သည် နိုင်ငံရေးအရှုပ်အထွေး ရေမျောကမ်းတင်များအဖြစ် မြန်မာ့သမိုင်းရေစီးကြောင်းကြီးကို ပိတ်ဆို့ရုပ်တန့်စေမှာလားဟု စိုးရိမ်စရာဖြစ်နေရပေသည်။

မြန်မာပြည်တွင် ခေါင်းဆောင်များနှင့် နောက်လိုက်များက လူ့သဘောအတိုင်း ဖန်တီးနေကြသည့် သမိုင်းမှတ်တမ်းများကို စိတ်အားငယ်စွာ လေ့လာရှုမှတ်နေရုံမှတစ်ပါး အခြားမရှိ။ မည်သူ့ကိုမျှလည်း အပြစ်မတင်လိုဘဲ ပြုပြင်သင့်သည့် လမ်းကြောင်းနှင့် ဗျူဟာများကိုသာ ရှာဖွေတင်ပြနေမိပါသည်။

ကျွန်တော်သုံးသပ်ရရှိသော နိဂုံးချုပ်အဖြေကား **"ပြည်ထောင်စုစိတ်ဓာတ်မပျက် ရှေ့ဆက်ရမည့် အနာဂတ်မြန်မာ"** သာဖြစ်ပါတော့သည်။

**"ပြည်ထောင်စုစိတ်ဓာတ်"** နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးကို ခေါင်းဆောင် အသီးသီးက ဖွင့်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

**"တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများ"**

**"တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသူများ"**

**"တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများ"**

**"အရေးကြီးလျှင် သွေးစည်းကြသူများ"** စသည်ဖြင့် တင်စားဖွဲ့ဆိုထားကြပါသည်။

အလုပ်သဘော အဓိပ္ပာယ်ဖွင့်ဆိုချက် (Operational Definition) အဖြစ် ဖော်ထုတ်ပေးခဲ့သော ပုဂ္ဂိုလ်ကြီးကား ကွယ်လွန်သူသမ္မတကြီး ဒေါက်တာမောင်မောင်ပင်ဖြစ်ပါသည်။

**ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းတာရမည့်စံပေတံကို မလွဲစေဖို့လို**

**"စစ်မှန်သော ဒီမိုကရေစီနှင့် လူသားတို့၏ လွတ်လပ်ခွင့်ကို ကျောခိုင်းလျစ်လျူရှုပြု၍ကား မရပေ။ သို့သော်လည်း ဒီမိုကရေစီအရေခြုံကို လွှမ်းခြုံလျက် ပေါ်ပေါက်လာတတ်သော မင်းမဲ့စရိုက်ကိုမူ ရှောင်ရှားတတ်စေဖို့ အရေးကြီးပါသည်။ လူတစ်ဦးချင်းတစ်ယောက်ချင်းစီ၏ တစ်ကိုယ်ရည် လွတ်လပ်ခွင့်နှင့် အများပြည်သူတို့အတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုတို့ အကြားရှိနေသည့် လွန်စွာ နူးညံ့သိမ်မွေ့သော ချိန်ခွင်လျှာအား ညီညွတ်မျှတစွာ ထိန်းသိမ်းနိုင်ရေးသည်လည်း အရေးကြီးသည်။ ကမ္ဘာပေါ်ဝယ် အရာရာပြီးပြည့်စုံလျက် ရာနှုန်းပြည့် အောင်မြင်နေသည့် လူ့ဘောင်အဖွဲ့အစည်းဟူ၍ မရှိသေးသလို တိမ်းစောင်းလွဲမှားမှု အလျင်းမရှိသည့် အုပ်ချုပ်ရေးစနစ်ဟူ၍ မရှိသေးပါ။ စနစ်တစ်ရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၊ တရားဥပဒေတစ်ရပ်တို့ ရှင်သန်ခိုင်မြဲစေရေးသည် ပြည်သူလူထုတို့အပေါ် သာလျှင် မူတည်ပေမည်။ ပြည်သူလူထုတို့မှာလည်း သူတို့၏အားနည်းချက်၊ အားသာချက်များရှိသလို သူတို့၏ စဉ်းစားဆင်ခြင်တုံတရား ကင်းမဲ့မှုနှင့် များပြားလှသော စိတ်ခံစားမှုများလည်း ရှိပေဦးမည်သာ။ ထို့အတွက်ကြောင့် အရောင်အသွေးအမျိုးမျိုး ကွဲပြားချက် မပြတ်ပေါ်ပေါက်လေ့ရှိသော လူသားတို့၏ ပြဿနာအရပ်ရပ်တို့အတွက် တစ်ခုတည်းသော ပြီးပြည့်စုံသည့် မလွဲမှားနိုင်သော အဖြေဆိုသည်ကားမရှိပေ"** ဟု မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း (ပထမတွဲ) စာမျက်နှာ - ၃၅၆ တွင် ဖတ်ရှုရပါသည်။

ဤတွင် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းတာရမည့် စံပေတံကို မလွဲစေဖို့လိုပါသည်။

> ◆ **မြန်မာ့လွတ်လပ်ရေး၊ မြန်မာ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်သိက္ခာမြင့်မားရေးအတွက် မြန်မာပြည်သား တစ်ယောက်ထက်ပို၍ တာဝန်ရှိသူမရှိပါ။ ၂၀၄၈ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး နှစ်တစ်ရာပြည့် ပွဲသဘင်ဆင်နွှဲနိုင်ဖို့ တာဝန်အရှိဆုံးသူများမှာ ယနေ့အသက်ရှင်နေသော ကျွန်တော်တို့ခေါင်းပေါ်တွင် တာဝန်ကျနေရုံသာမက အနာဂတ်မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ အပြောမဟုတ်ဘဲ အလုပ်နှင့်သက်သေပြရန် အမွေချန်ထားခဲ့ဖို့လို**

လက်တွေ့တွင် ပြည်ထောင်စုစိတ်ဓာတ်မှာ တစ်ပွဲတိုး တည်ဆောက်၍ ရကောင်းသောအရာ မဟုတ်ပါ။ စနစ်တစ်ရပ်ဟု ဆိုလိုက်လျှင် နိုင်ငံရေးသမားများက အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် စသည်ဖြင့် သရုပ်ခွဲတတ်ကြပါသည်။ တစ်ဖန် အချင်းချင်းလည်း လက်ယာစွန်း၊ လက်ဝဲစွန်း၊ အလယ်အလတ်စသည်ဖြင့် ဝါဒများကို ခွဲခြမ်းစိတ်ဖြာကြကုန်ပြန်ပါ၏။ ယနေ့ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးများ (ဥပမာ - ဥရောပ နိုင်ငံရေး)ကို လေ့လာလျှင် ပို၍ရှုပ်ထွေးသည်ကို တွေ့ရပါမည်။ သို့ရာတွင် နိုင်ငံ၏အဓိကအရေး (National Interest)နှင့် ပတ်သက်လာလျှင် အားလုံးညီညွတ်မှ ခံနိုင်ရည်ရှိပါ၏။ ဤသို့ညီညွတ်ဖို့ အတွက်လည်း နိုင်ငံသားချင်းဆက်နွှယ်မှု (Belongingness)သည် အရေးကြီးလာပါ၏။

အေးအတူ ပူအမျှ အတူတကွ မျှဝေခံစားခဲ့ရသော သမိုင်းကြောင်း၊ လူမှုရေးစနစ် (Social System)၊ ဓလေ့ထုံးစံများ၊ ပြည်သူ့နီတိများသည် ဘာသာခြားခြင်း၊ လူမျိုးခြားခြင်းနှင့် အနည်းငယ်သာ ပတ်သက်ပြီး ဆောက်တည်နေထိုင်ကြသော လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး၏ ယဉ်ကျေးမှု (Civilization) နှင့် ခွဲခွာမနေကောင်းသည်ကိုလည်း သတိပြုရန်လိုပါသည်။

> **❝ အေးအတူပူအမျှ အတူတကွ မျှဝေခံစားခဲ့ရသော သမိုင်းကြောင်း၊ လူမှုရေးစနစ် (Social System)၊ ဓလေ့ထုံးစံများ၊ ပြည်သူ့နီတိများသည် ဘာသာခြားခြင်း၊ လူမျိုးခြားခြင်းနှင့် အနည်းငယ်သာပတ်သက်ပြီး ဆောက်တည်နေထိုင်ကြသော လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး၏ ယဉ်ကျေးမှု (Civilization) နှင့် ခွဲခွာမနေကောင်းသည်ကိုလည်း သတိပြုရန်လို ❞**

ယခု တိုးတက်ကြီးပွားလာသော တရုတ်နိုင်ငံသည် ဦးဆောင်မှုကိုရယူကာ (Global Civilization Initiative – GSI) ကို ၂၀၂၄ ခုနှစ်တွင် အစဖော်၍ တူညီသောအနာဂတ်တစ်ရပ်အတွက် မျှဝေပူးပေါင်းဆောင်ရွက်ရန် ကြိုးစားနေပေသည်။ အနောက်တိုင်းနှင့် အရှေ့တိုင်းတို့မှာ ထွန်းကားခဲ့သော ယဉ်ကျေးမှုချင်းမတူသည်ကို တစ်ချိန်က အသိအမှတ်မပြုဘဲ အနောက်တိုင်းယဉ်ကျေးမှုပုံစံနှင့် စံနှုန်း (Western Norms and Standards) များကိုသာ ကမ္ဘာ့ပြုပြီး အာရှ၊ အာဖရိကရှိ ကိုလိုနီနိုင်ငံများကို မယဉ်ကျေးသောလူရိုင်းများအဖြစ် နှိမ်ချိုးကာ ခြေဖဝါးအောက်မှာ ခစားစေခြင်းများကို ယခုအခါ ရှုတ်ချအပြစ်တင်နေကြသည်ကိုလည်း တွေ့ရပါ၏။

**ကိုယ်ကျိုးစီးပွား အဓိကထားသော အစွန်းရောက်ဝါဒများ ကိုင်စွဲလာ**

တစ်ဖက်မှလည်း ဒေသတစ်ခုနှင့် တစ်ခု၊ လူမျိုးတစ်စုနှင့် တစ်စု၊ ကိုးကွယ်ရာ ဘာသာဝင်တစ်စုနှင့် တစ်စု ကွဲပြားသွားရုံနှင့် အတူနေ ရေမြေဒေသများနှင့်ဆိုင်သော **"ပြည်ထောင်စုစိတ်ဓာတ်"** နေရာတွင် မျက်ကန်းမျိုးချစ်စိတ်ဓာတ်များဖြင့် **"ငါ့ညီ၊ ငါ့မြေ၊ ငါ့အမေ"** ပတ်သက်မှုထက် မကျော်လွန်ဘဲ **"ငါ့နိုင်ငံတော်" "ငါ့နိုင်ငံသား" "ငါတို့ဒေသကြီး"** ဆိုသည့် စိတ်ထားနှင့် ခံယူချက်အထိ ရောက်မလာဘဲ ခေတ်နောက်ကျကျန်နေသူများ များသောနိုင်ငံအတွက် ကိုယ်ကျိုးစီးပွား အဓိကထားသော အစွန်းရောက်ဝါဒများ ကိုင်စွဲလာကြသည်ကိုလည်း တွေ့နေရပါသည်။

လွတ်လပ်ရေးမရခင်ကတည်းက သွေးကွဲနှင့်ပြီးသော တိုင်းရင်းသားအချို့နှင့် နိုင်ငံရေးသမားများမှာ လွတ်လပ်ရေးရရချင်း တိုက်ပွဲများဆင်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင်။ စာရေးဆရာကြီး မြတ်ထန်၏ **"တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်"** အမည်ရှိစာအုပ်တွင် အတော်ပင် စုံလင်စွာဖတ်ရှုနိုင်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်များ တစ်စစီပြိုကွဲသွားကြချိန်တွင် တပ်မတော်အတွင်း ဖြစ်ရပ်များအနက်မှ ပြည်ထောင်စုစိတ်ဓာတ် နမူနာလေးတစ်ခုကို တင်ပြချင်ပါသည်။ ကျွန်တော်၏ ယောက္ခမဖခင်ဖြစ်သူ **"သူရဦးတင်မောင်"** ၏ စာအုပ်ပုံကို မွှေနှောက်ရင်း သူရေးခဲ့သောဆောင်းပါးများထဲမှ အောင်လံ (နန်းရှေ့) ကလောင်အမည်နှင့် စစ်ပြန်မဂ္ဂဇင်းတွင် ရေးခဲ့သော **"အမိကပစ်မှတ်"** ဟူသော ဆောင်းပါးကိုဖတ်မိရာ အံ့ဩမိပါသည်။ ဆောင်းပါးထဲမှ အဓိကကျသောစာသားများကို မူရင်းအတိုင်း ဖော်ပြလိုပါသည်။

**"တပ်မတော် (ကြည်း) မှ အင်းစိန်က နှစ်ထပ်တိုက်တစ်လုံးကို ဗုံးကျဲတိုက်ခိုက်ရန် အမိကပစ်မှတ်အဖြစ် ပေးလာပါသည်"** ဟူ၍လည်းကောင်း၊

**"ဒီပစ်မှတ်ကို ဗုံးကျဲတိုက်ခိုက်ဖို့၊ သေနတ်ပစ်တိုက်ခိုက်ဖို့ဟာ အင်မတန် သတိထားရလိမ့်မယ်။ ပစ်မှတ်ကို တိုက်ခိုက်ဖို့ အတော်ခက်တဲ့အနေအထားပဲ။ ကန့်သတ်ချက်တွေ၊ သတိထားရတဲ့ဟာတွေက အများကြီးပဲ၊ တော်အောင်ရော်အောင် လုပ်လို့မရဘူး။ အမှားမခံနိုင်ဘူး"** ဟု တိုင်ပင်ဆွေးနွေးကြကြောင်း၊

**"အကြမ်းဖက်သောင်းကျန်းသူ ကရင်များသည် အင်းစိန်မြို့ကိုသိမ်းပိုက်ကာ စောဘင်ဆင်ခြံ၊ ခဝဲခြံ၊ တောင်သူကုန်း စသည်တို့တွင် အလုံးအရင်းဖြင့် တပ်စွဲထားကြပြီး လေယာဉ်ကွင်း၊ လေယာဉ်အတက်အဆင်း၊ ရန်ကုန်-မင်္ဂလာဒုံလမ်းမကြီးများကို ခြိမ်းခြောက်လျက်ရှိပါသည်။ မင်္ဂလာဒုံလေယာဉ်ကွင်းနှင့် အသံလွှင့်ရုံ (မြန်မာ့အသံ) ကို အမိအရသိမ်းပိုက်လိုကြပါသည်။ သူတို့၏ လူအင်အား၊ လက်နက်အင်အားလည်း အလွန်ကောင်းပါသည်။**

**လေယာဉ်ကွင်းအတွင်းသို့ မကြာမကြာ လှမ်းပစ်ခတ်လျက်ရှိပြီး ကျွန်တော်တို့၏ လေယာဉ်ရုံကြီးများကို ကျည်ဆံများ လာရောက်ထိမှန်တတ်ပါသည် ...**

*စာမျက်နှာ ၁၇ သို့*

## ရွှေဘိုမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး



**ရွှေဘို ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အထက(၂)၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက်က ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အမှာစကား ပြောကြားပြီး ရွှေဘိုတက္ကသိုလ် ပါမောက္ခဆရာမကြီးနှစ်ဦးက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ စစ်ဆေးခဲ့မှုအရ ဖြေဆိုမည့်သူများ လိုက်နာသင့်သည့် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွှေဘိုခရိုင် ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆောင်ရွက်ခဲ့မှုများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း ဇန်နဝါရီ ၉ ရက်က ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဖုန်းသက်တင်နှင့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံစစ်ဆေးစဉ်။ တင်ဝင်းတင်

## ကော့မှူးတွင် သွင်းအားစုနှင့်စိုက်ပျိုးစရိတ်များပေးအပ်

**ကော့မှူး ဇန်နဝါရီ ၁၀**

ကော့မှူးမြို့နယ် လာဝတီကျေးရွာ နွေစပါးစံပြကွက် ဧက(၁၀၀) စိုက်ကွက်၌ တိုက်ရိုက်မျိုးစေ့ချကိရိယာ၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် သွင်းအားစုများ၊ စိုက်ပျိုးစရိတ်ချေးငွေများပေးအပ်ပွဲကို ယနေ့ နံနက်က ကျေးရွာနည်းပညာပြန့်ပွားရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားပြီး နွေစပါးစိုက်ပျိုးသော တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများနှင့် သွင်းအားစုဓာတ်မြေဩဇာများအား တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် တာဝန်ရှိသူများက တောင်သူများထံပေးအပ်သည်။

ထို့နောက် လာဝတီကျေးရွာနွေစပါးစံပြကွက် ဧက(၁၀၀)စိုက်ကွက်အတွင်း တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများနှင့် ရေရရှိမှုအခြေအနေများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်သူရ




## ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ချောင်းကောက်ကျေးရွာ၌ အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောင်လံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ဇန်နဝါရီ ၉ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၄ ဒသမ ၃ သန်းအသုံးပြုကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်သည်။

၂၂၂

## နမ့်စန်၌ တောင်သူများကို မျိုးစေ့နှင့်မြေဩဇာများပေးအပ်

**နမ့်စန်(တ) ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် မျိုးစေ့၊ မြေဩဇာများပေးအပ်ခြင်းနှင့် တောင်သူပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲက လွိုင်ယဲကျေးရွာအုပ်စု တိုင်းကောင်ကျေးရွာ ဘုန်းကြီးကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ လွိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက သွင်းအားစုများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လွိုင်လင်ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်းနှင့် ခရိုင်သီးနှံကာကွယ်ရေး၊ မြေအသုံးချရေးနှင့် မျိုးစေ့တာဝန်ခံများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းကောင်ကျေးရွာရှိ တောင်သူ ၁၀၀ အား ပဲပုပ်မျိုးစေ့ ဧက ၁၀၀ စာ၊ နေကြာမျိုးစေ့ ဧက ၁၀၀ စာ၊ ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၂၀၀ နှင့် ယူရီးယားဓာတ်မြေဩဇာအိတ် ၂၀၀ တို့ကို ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ လွိုင်လင်ခရိုင်ဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူပညာပေးဆွေးနွေးပွဲကို အဆိုပါဘုန်းကြီးကျောင်းအတွင်း ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)



*စာမျက်နှာ ၁၆ မှ*

**"ဒီတိုက်ကြီးများတွင် အကြမ်းဖက်သောင်းကျန်းသူ အကြီးအကဲများရှိပြီး စစ်ဆင်မှု၊ စီမံကွပ်ကဲမှုများကို ဒီနေရာက ပြုလုပ်နေသည်ဟု ဆိုပါသည်..."**

**"ပစ်မှတ်နှင့်နီးကပ်လာသောအခါ လေယာဉ်အရှိန်လျှော့ကာ အမြင့်ပေ (၈၀၀) အရောက်တွင် ပစ်မှတ်နှင့် ချိန်သားကိုက်ကာ အချက်ပြလိုက်ပါသည်။ တစ်ချိန်တည်းတွင် အိုလီဗာရီ (AIR Gunner) က ဗုံးကို ပစ်ချလိုက်ပါသည် ..."**

**"ကျွန်တော် အိုလီဗာရီကို ချီးကျူးပြောဆိုရာ ရဲဘော်ရဲဘက်များကလည်း ပြောဆိုကြပါ၏။ (အိုလီဗာရီသည် ချစ်ခင်သူများ ပေါများသူဖြစ်ပါသည်။ ) သူသည် ကျေနပ်ပြုံးပြုံးနေရာမှ တစ်ချက်တစ်ချက် မျက်နှာပျက်သွားသည်ကို သတိထားမိ၏။"**

**"ဟေ့ အိုလီဗာရီ ဘာဖြစ်နေတာလဲကွ ... လုပ်ငန်းအောင်မြင်တာ မင်းမပျော်ဘူးလားကွ"**

**"ဗိုလ်ကြီး လုပ်ငန်းအောင်မြင်တာ ကျွန်တော်ပျော်ပါတယ်။ ဒါပေမဲ့ ... အဲဒီတိုက်ကြီးက ကျွန်တော့်မိဘတွေရဲ့တိုက်ပါ။"** ဟု ဖြေကြောင်း၊ သူ့အားဝိုင်း၍ နှစ်သိမ့်လိုက်ကြရကြောင်း ရေးထားပါသည်။

လေယာဉ်သေနတ်သမား အိုလီဗာရီ၏ မိဘများမှာမူ ကရင်သူပုန်များကိုကြောက်၍ ရန်ကုန်မြို့ထဲသို့ ပြောင်းပြေးပြီးဖြစ်၍ တော်ပါတော့သည်။ လေသူရဲဗိုလ်ကြီးနှင့် လေယာဉ်သေနတ်သမားတို့ နှစ်ဦးမှာ ဘာသာလည်းမတူ၊ တိုင်းရင်းသားလူမျိုးချင်းလည်းမတူ။ ဗုံးကြဲချဖို့မောင်းလာသည့် လေယာဉ်မှာလည်း ဗုံးကြဲလေယာဉ်မဟုတ်။ ဆယ်လက်မခန့်ရှိ ဓာတ်ပုံရိုက်သည့်အပေါက်မှနေ၍ ဗုံးကို လက်နှင့်ချိန်ကာ ပစ်ချရပါသည်။

အိုလီဗာရီသည် သူ့အိမ်မှန်းသိလျက်နှင့် အချိန်အဆမပျက်။ ထိုနေရာတွင် **"ငါ့ညီ၊ ငါ့မြေ၊ ငါ့အမေ"** တို့ထက်ပို၍ဦးစားပေးရမည့် **"ငါ့နိုင်ငံတော်"** အတွက် သစ္စာဆိုထားသည့်အတိုင်း အမိန့်ကို အတိအကျနာခံ၏။

### လေထဲရောက်သည်နှင့် အသက်တစ်ဝက်သာ အာမခံချက်ရှိသည့် ဘဝ

ဤကား တပ်မတော်သားတို့၏ဘဝ။ သစ္စာရှိသော၊ သတ္တိရှိသော၊ စွန့်ဝံ့သော သူတို့အတွက် အသက်ပင်ပဓာနမထားဘဲ လေယာဉ်ခပ်ညံ့ညံ့ ပျံသန်း၍ ဗုံးကြဲရသောအလုပ်မှာ လေထဲရောက်သည်နှင့် အသက်တစ်ဝက်သာ အာမခံချက်ရှိသည့် ဘဝ။

သို့သော် ဗိုလ်ကြီး၏အမိန့်ကို တစ်သဝေမတိမ်း နာခံ၏။ ထိုအမိန့်နာခံမှုနောက်တွင် ရဲဘော်ရဲဘက်စိတ်ရှိ၏။ နောက်တွင် တိုင်းချစ်ပြည်ချစ်စိတ်ရှိ၏။ နောက်တွင် ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်ရှိ၍ နေကြောင်း တွေ့နိုင်ပါသည်။ ဤကဲ့သို့သောဖြစ်ရပ်ပေါင်းများစွာ၊ စွန့်လွှတ်စွန့်စားမှုပေါင်းများစွာ ပေါင်းစုခဲ့သဖြင့်သာ ကျွန်တော်တို့နိုင်ငံတော်ကြီးသည် ယနေ့ (၇၇) နှစ်တိုင် လွတ်လပ်၍နေသေး၏။

ထိုစဉ်က ၁၉၄၉ ခုနှစ်တွင် ရန်ကုန်အစိုးရဟု အမည်တွင်ချိန်တွင် နိုင်ငံရေးအရ ဘာမျှမတတ်နိုင်။ အင်းစိန်ကို သိမ်းပိုက်ပြီးဖြစ်နေချိန်တွင် တပ်မတော်ထဲသို့ စေတနာ့ဝန်ထမ်းများ ပါဝင်စစ်ကူပေးခဲ့၏။ တက္ကသိုလ်ကျောင်းသားများလည်း ရှေ့တန်းသို့ ထွက်ခဲ့ကြ၏။ ထိုအထဲတွင် ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးလည်းပါခဲ့၏။ သူကား **"မွန်ထော်သက်ညွန့်"** ဖြစ်၏။ ဒိုက်ဦးအနားက တိုက်ပွဲတွင် ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ရင်း ကျဆုံးခဲ့၏။ **"သူရမွန်ထော်သက်ညွန့်"** ၏ စွန့်လွှတ်မှုကျောက်တိုင်ကလေးက ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း သွားလျှင် တွေ့နိုင်ပါသေးသည်။

**❝ စစ်မှန်သော ဒီမိုကရေစီနှင့် လူသားတို့၏လွတ်လပ်ခွင့်ကို ကျောခိုင်းလျစ်လျူရှုပြု၍ကား မရပေ။ သို့သော်လည်း ဒီမိုကရေစီ အရေခွံကိုလွှမ်းခြုံလျက် ပေါ်ပေါက်လာတတ်သော မင်းမဲ့စရိုက်ကိုမူ ရှောင်ရှားတတ်စေဖို့ အရေးကြီးပါသည်။ လူတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ တစ်ကိုယ်ရည်လွတ်လပ်ခွင့်နှင့် အများပြည်သူတို့အတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုတို့အကြား ရှိနေသည့် လွန်စွာနူးညံ့သိမ်မွေ့သော ချိန်ခွင်လျှာအား ညီညွတ်မျှတစွာ ထိန်းသိမ်းနိုင်ရေးသည်လည်း အရေးကြီး ❞**

စွန့်လွှတ်စွန့်စားသူ အညတရစစ်သည်များရေးခဲ့သောသမိုင်းကို ရိုင်းသည်ထင်ကာ တပ်မတော်ကို အလုံးစုံပျက်သုဉ်းခြင်း (Utter Devastation) စာရင်းသွင်းပြီး ဖြိုခွဲရန်ကြံစည်မှုများကို အကြိမ်ကြိမ် မြင်တွေ့နေရသူတစ်ယောက်အနေဖြင့် မြန်မာ့အရေးအတွက် စိတ်အေးစရာလုံးဝ(လုံးဝ) မရှိပါ။

သမိုင်းအစဉ်အလာမရှိဘဲ နိုင်ငံရေးအာဏာကို ဖြတ်လမ်းနည်းဖြင့်ရယူကာ နိုင်ငံတော်၏ကံကြမ္မာကို ပြည်ထောင်စုပြင်ပမှသူများ၏ ပုံဖော်ထုဆစ်မှုကြောင့် ပုံပျက်ပန်းပျက်ဖြစ်၍နေသော ယနေ့မြန်မာကို အချိန်တိုအတွင်း အဖတ်ဆယ်နိုင်ပါမှ ၂၀၄၈ အထိ ခံနိုင်မည်ဖြစ်ပါတော့၏။ ။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာဖြင့် နေ့စဉ် ဝယ်ယူရောင်းချနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး ဇန်နဝါရီ ၁၀

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာဖြင့် နေ့စဉ် ဝယ်ယူရောင်းချနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။**



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ဥဿာပြည်သူ့အငှားအိမ်ရာ၌ နေထိုင်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် အခြေခံစားသုံးကုန်များ၊ ကြက်၊ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ မြို့မဈေးကြီးအတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၁၇ ရက်မှစ၍ နေ့စဉ်ဒေသခံပြည်သူများ ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များအား သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးပြီး တစ်ဆင့်ခံရောင်းချမှုမရှိစေရေး စိစစ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ဥဿာသီရိဈေးအပေါ်ထပ်၌ MSMEs ထုတ်ကုန်များ အရောင်းစင်တာသို့ ရောက်ရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ထွက်ရှိလာသည့် ဒေသထွက်စားသုံးကုန်များ၊ လူသုံးကုန်များ၊ တိုင်းရင်းဆေးဝါးများ၊ စားဖိုဆောင်သုံးပစ္စည်းများ၊ လယ်ယာသုံးကိရိယာများကို တစ်နေရာတည်း ဝယ်ယူ/ရောင်းချနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်၍ ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးနှင့် ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်မှုရှိစေရေး စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေးနှင့် သင်ကြားမှု၊ သင်ယူမှုထိရောက်ရေး စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေးအတွက် အခြေခံပညာ၏ အမြင့်ဆုံးအတန်းဖြစ်သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးသည် အလွန်အရေးကြီးသဖြင့် မိမိတို့၏ ကျောင်းသား ကျောင်းသူများကို အကောင်းဆုံး ပြန်လည်သင်ကြားနိုင်ရေး ကြိုးစားလေ့လာသင်ယူသွားကြစေလိုကြောင်း တာဝန်ရှိသူများအား မှာကြားပြီး သင်တန်းတက်ရောက်နေသည့် ဆရာ ဆရာမများကို နေ့စဉ် နေ့လယ်စာချက်ပြုတ်ကျွေးမွေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး တွေ့ဆုံဆွေးနွေး

**တာချီလိတ် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက မိုင်းဖုန်း (ခ) ကျေးရွာအုပ်စု ပါကောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။



**ဆွေးနွေးပြောကြား**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုက မြန်မာနိုင်ငံတွင် မီးလောင်မှု (Fire Hotspot) ဖြစ်ပေါ်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြူမှုန်ကင်းစင်သောကောင်းကင်ဖြစ်ပေါ်စေရေး မြန်မာ၊ လာအို၊ ထိုင်း သုံးနိုင်ငံ ပူးတွဲလုပ်ငန်းစီမံချက် Clear Sky Strategy (2024–2030) ၏ လုပ်ငန်းစဉ်များ၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းပြီး ကျန်းမာရေး ထိခိုက်ခြင်းနှင့် အရွယ်မတိုင်ခင် သေဆုံးခြင်း ဖြစ်ပေါ်မှုများနှင့် Fire Hotspot လျှော့ချရေး ဒေသန္တရအမိန့် ဖောက်ဖျက်ကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်ချမှတ်ဆောင်ရွက်နိုင်ရေးတို့ကို လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာမျိုးက မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ရေးတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်အေးဝင်းသူက လေထုညစ်ညမ်းမှုနှင့် မီးခိုးမြူငွေ့ အန္တရာယ် ဝိုင်းဝန်းကာကွယ်ရေးကိုလည်းကောင်း၊ ခရိုင်သစ်တောဦးစီးမှူး ဦးအောင်ထွန်း - ၃ က တောမီးလောင်မှု အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်သစ်တောသစ်ပင်ထိန်းသိမ်းရေးကို လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးကျော်စွာဝင်းက လယ်ယာထွက်စွန့်ပစ်ပစ္စည်းများ မီးမရှို့ဘဲ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် စနစ်တကျပြန်လည်အသုံးပြုရေးကို လည်းကောင်း ဆွေးနွေးပြောကြားကာ ပြည်သူများ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားပေးပြီး လေထုထဲတွင် ပါဝင်သော PM 2.5 အသိပညာပေးဗီဒီယိုကို ပြသသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မိုင်းဖုန်း (က) ကျေးရွာအုပ်စုရှိ ကျေးရွာ ၂၀ ရွာနှင့် မိုင်းဖုန်း (ခ) ကျေးရွာအုပ်စု ရှိ ကျေးရွာ ၂၂ ရွာမှ ဒေသခံပြည်သူ ၆၀၀ ကျော် တက်ရောက်သည်။

**သန်းဇော်(ပြန်/ဆက်)**

# သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး)မှ ကျောင်းသား ကျောင်းသူများ လက်တွေ့စာရင်းရေးသွင်း

**မကွေး ဇန်နဝါရီ ၁၀**

သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသည့် ဒုတိယနှစ်သင်တန်းသား ၃၅ ဦးသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာထွန်းနှင့် တာဝန်ရှိသူများဦးဆောင်၍ မင်းဘူးနှင့်မကွေးမြို့များရှိ သမဝါယမအသင်းနှင့် Good Brothers ကုမ္ပဏီသို့သွားရောက်၍ လက်တွေ့စာရင်းရေးသွင်းခြင်းကို ဇန်နဝါရီလပထမပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရန်ကုန်တောင်ပိုင်းခရိုင် GEC ရုံး၌ လုပ်ငန်းညှိနှိုင်း

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်ရုံး၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဝန်းထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေဦးက ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ **သက်ခိုင် (သန်လျင်)**



# ညောင်လေးပင်မြို့နယ်ရှိ ဆီထွက်သီးနှံ(နေကြာ)စံပြစိုက်ခင်းအား တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်



ညောင်လေးပင် ဇန်နဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ သမဝါယမကဏ္ဍမှ ဆီထွက်သီးနှံ (နေကြာ) အား သမဝါယမအသင်း ခြောက်သင်း၊ အသင်းသား ၅၇ ဦး၊ စိုက်ဧက ၁၅၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရဲန္တယ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းအနေဖြင့် နေကြာစံပြစိုက်ခင်း ၁၀ ဧက စိုက်ပျိုးထားရှိသည်။

အဆိုပါနေကြာစံပြစိုက်ခင်းများမှ နေကြာပင်များကို ရုရှားသဘာဝမြေဩဇာများ ပက်ဖျန်းခြင်းနှင့် လိုအပ်သော ကြားပေါင်းလိုက်ခြင်း၊ အပင်သားခွဲခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ နေကြာစံပြစိုက်ခင်းအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပေါင်းစပ်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တုရင်တောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်


တုရင်တောင်ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၉၀၅ ဧကရှိသောနယ်မြေကို **"တုရင်တောင်ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅) အရ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ပုဂံညောင်ဦးဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမှျတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာပိုမိုကောင်းမွန်လာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ်များမှ အကာအကွယ်ပေးနိုင်ရန်၊ ဒေသခံပြည်သူများ၏ လယ်ယာသုံး သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထောက်ပံ့ပေးနိုင်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

တုရင်တောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ဖျောက်ဆိပ်၊ ယင်းမာ၊ ထနောင်း၊ ရှား၊ ကျွန်းဖို့၊ တမာ၊ ဒဟတ် စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံး သစ်၊ ထင်း၊ ဝါးနှင့် အခြားအပူပိုင်းဒေသထွက်သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိနိုင်ခြင်း၊ တုရင်တောင်ဘုရားဖူးမြော်ကြည်ညိုရန် လာရောက်သူများအတွက် အရိပ်နှင့်နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ယုန် စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာ ဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးအတွက် အထောက်အကူပြုခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၃ မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၆၉၂၄၆၄) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၈ ရက်တွင် ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ဟဲဟိုးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၈၁၂၁၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၈၀၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇန်နဝါရီ ၉ ရက်တွင် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၃၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေးအဆန်ရထား၊ ပါဆယ် (၁) ရထားတွဲပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၄၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၃၀၃၅၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်လံမြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) နှင့် မကွေးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းလှမြို့နယ်နှင့် သရက်မြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ချောက်မြို့ အမှတ်(၅) ရွှေသူဌေးကုန်းရပ်ကွက်၌ တရားမဝင် ရေနံစိမ်း ၄၀၈ ဂါလန် (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၁၄၂၈၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၇၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ် (၆)ရပ်ကွက် ဟုတ်စိန်ကွေ့မီးပွိုင့်အနီး၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်တစ်စီးနှင့် Honda CRV မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၁၅ ပီပါ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်မီးသွေး တန် ၄၀ ဒသမ ၃၂၀ ၊ ကျွန်းသစ် ၂ ဒသမ ၀၃၆ တန်၊ အခြားသစ် ၂ ဒသမ ၀၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၂၃၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၅၅၂၃၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်၊ အလုံမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့ နယ်၌ တရားမဝင် အခြားသစ် ၆ ဒသမ ၆၂၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၉၉၅)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၃၆၇၇၃၉၅)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ လေးဒူးကွဲကျေးရွာအုပ်စု၊ မကြီးတောကျေးရွာနေ (ဘ) ဦးဖိုးပိန်၏သား မောင်သန့်ဇင်အောင် ၈/ဆပဝ(နိုင်)၁၃၀၆၅၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် MG 550385 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၉၅၁ ၀၉၆ ၀၂၀

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြင်သာရပ်ကွက်၊ H(၂၇)လမ်းနေ (ဘ) ဦးစောလှဦး ၏သား မောင်ခင်မောင်စော ၈/မကန(နိုင်)၂၄၉၆၃၂ ၏ နိုင်ငံကူးလက်မှတ် အမှတ် MF 168936 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၈၇ ၉၁၁ ၈၁၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 10U/2104 HIKANDABO (200 CC) 3/W ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကိုနိုင် ၇/ရတန (နိုင်)၀၇၈၂၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

တစ်အိမ်လုံးတွင်
မည်သူမျှ
မရှိနေချိန်၌
မလိုအပ်သော
လျှပ်စစ်အသုံးပြုမှု
အားလုံးကို
ပိတ်ခြင်းဖြင့်
လျှပ်စစ်ကို
ချွေတာသုံးစွဲပါ

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု ကင်ဆာရောဂါကုသဆေးနှင့် ပဋိဇီဝဆေးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.23. Oncology Medicine and Antibiotics (2024-2025). |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၁-၁-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၄-၁-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇ ၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/11374 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိဟန် ၇/ပခန(နိုင်)၄၃၇၆၂၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## မိခင်အမည်မှန်

(ဘ) ဦးဝင်းအောင် ၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ယင်းတိုက်မော်အုပ်စု၊ ချင်းစုရွာနေ မကေကေမျိုး (၇/သကန(နိုင်)၁၂၆၉၅၆) ၏ မိခင်အမည်မှန်မှာ ဒေါ်အေးသီ(ခ)ဒေါ်ခင်စန်းအေး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးသီ(ခ)ဒေါ်ခင်စန်းအေး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့် အမည်(၂၃/ထန်းတောစုတောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၈-အ-၂)၊ ဧရိယာ(၀.၁၆၁)ဧကရှိမြေအား အမှုတွဲအမှတ် 270/19 93 အရ (၂-၁၂-၁၉၉၃ မှ ၁-၁၂-၂၀၂၃)ထိ ဦးခင်မောင်ငွေ၊ ဦးခင်မောင်သိန်း အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ် ရရှိထားသော မြေ ဖြစ်ပြီး ဦးခင်မောင်ငွေ၊ ကွယ်လွန်သူ ဦးခင်မောင်သိန်း (ကိုယ်စား) ဒေါ်မေဖုန်းမြင့်သာ၊ ဒေါ်ရွှန်းလဲ့ဖြူ အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ကော်လီတွေ့အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# မက်မန်းမြို့နယ်မီးသတ်ဦးစီးဌာနအတွက် အသံချဲ့စက်နှင့် စက်ပစ္စည်းများ ပေးအပ်လှူဒါန်း

မက်မန်း ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် မီးသတ်ဦးစီးဌာနအတွက် အသံချဲ့စက်နှင့် စက်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်က မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။




ဦးစွာ မက်မန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်းက အသံချဲ့စက်နှင့် စက်ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများမှ လှူဒါန်းသည့် အသံချဲ့စက်နှင့် စက်ပစ္စည်း တစ်စုံကို ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် ဌာနဆိုင်ရာများက မြို့နယ် မီးသတ်ဦးစီးမှူး ဦးရန်ပိုင်ဖြိုးနှင့် ဝန်ထမ်းများထံ ပေးအပ်လှူဒါန်းခဲ့သည်။

**အေဇက်ထွန်း(မက်မန်း)**

## အမည်ပြောင်း

ဦးပြည့်စုံနှင့် ဒေါ်သန္တာလွင်တို့၏သမီး၊ မိတ္ထီလာမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း Grade-9(B) မှ မဆောင်းပြည့်ပြည့်လွင်အား မဆုနှင်းအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နေ ဦးသောင်းဖေ-ဒေါ်ခင်သန်းနုတို့၏သား (စစ်ကိုင်းမြို့၊ အလက(ခွဲ) သောတပန် Grade-8)မှ မောင်မြတ်မင်းသစ်နှင့် မောင်မင်းမြတ်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ညောင်ကိုင်းရွာအုပ်စုနေ(ဘ)ဦးအောင်လင်း၏သားဖြစ်သူ မောင်ပိုင်သူကိုကိုအောင် ၈/မသန(နိုင်)၁၇၀၀၅၈၏ နိုင်ငံကူးလက်မှတ်အမှတ် MI-450305မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးကြည် LL.B,CBL,DBL,DIL**
**အထက်တန်းရှေ့နေ (စဥ်-၃၃၂၈၆/၂၀၁၀)**
**ဖုန်း-၀၉-၇၉၉၄၇၇၆၇၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၀-၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈)ပါ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ဦးဇော်ဝင်း အမည်ပေါက် ကန့်ကွက်ကြော်ငြာတွင် ဒေါ်ခိုင်လွင်လွင်ထွန်း (ဘ)ဦးသန်းထွန်း ၈/မကန(နိုင်)၀၇၆၀၆၅အစား ၈/မလန(နိုင်)၁၇၆၀၆၅ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ၂၀၂၀ ပညာသင်နှစ်၊ မြန်မာစာ(အထူးပြု) ၄မ-၉၀(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်သော စိုင်းအောင်ထွန်း၏ ဖခင် ဦးအိုက်ဆမ်းနှင့် ဦးအိုက်ဆန် (၁၃/ပယန(နိုင်)၀၀၃၇၅၂)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်ခင်မြတ်ကျော်အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါ သည်။ ဒေါ်ခင်မြတ်ကျော်ထံမှ ကျွန်ုပ်မိတ်ဆွေ ဖြစ်သော ဒေါ်မြစန္ဒာ က အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုခဲ့ပြီးလက်ရှိနေထိုင် ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဒေါ်ခင်မြတ်ကျော်နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် - LL.B ( Advocate )**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၃၃၇၅)**
**၆၅x၆၆ လမ်းကြား၊ ၃၄x၃၅လမ်းကြား၊ ရေနီမြောင်းလမ်း၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၅၉၆၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် ၆၁၇၊ ဦးပိုင်အမှတ် ယခင် ၅၄-ဏ/ယခု ၈၆/၂၈x၂၉ ကြား၊ ၇၆x၇၇ ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးတင့်ဝင်း ၉/မရမ(နိုင်)၀၅၁၆၅၂၊ CHK - ၀၄၄၅၅၉၊ ဒေါ်ညိန်းလှ(ခ)ငြိမ်းလှ ၉/မရမ(နိုင်)၀၅၁၆၅၃/KME ၁၆၁၈၂၁ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၆၄/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်လွင် ၉/မနတ(နိုင်)၀၃၃၅၂၆က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာ ချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ၀၀-၂၊ ဦးပိုင်အမှတ် (၂၆)၊ ၅၈(B)လမ်း၊ ၁၀၃x၁၀၃(A) လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းလွင်၏ (SP ရရှိသူ ဦးထင်ကျော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၀၆၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မင်းသူ ၉/မနမ(နိုင်)၀၉၁၉၇၃က အမှုတွဲအမှတ် (၆၀၁၁/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ် (၆၆၀)၊ ဦးပိုင်အမှတ် (၄၇)၊ ၃၉x၄၀လမ်းကြား၊ ၇၈x၇၉ လမ်းကြားရှိ ဦးဘကြွယ်အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်းဖြစ်သူ ဦးဘကြွယ် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၄၀၅၆/၁၉၉၆)ဖြင့် ဇနီးဖြစ်သူ ဒေါ်အမာမှ အမွေဆက်ခံခဲ့ပြီး၊ (မိခင်) ဒေါ်အမာ (သား) ဦးကျော်မြင့်သန်း (ဇနီး) ဒေါ်မော်လီ (၎င်းတို့၏သမီး) မသဉ္ဇာမွန်(ခ)မြတ်သဉ္ဇာမွန် (အပျိုကြီးဘဝ)၊ ဒေါ်ခင်မော်မော်(ခ)ဒေါ်ဝင်းဝင်းသူ(ခင်ပွန်း) ဦးသောင်းခိုင်တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၃၇၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူများဖြစ်သော ဦးအောင်စီ၏ (GP ရရှိသူ ဒေါ်ဝတ်ရည်အောင်)၊ ဦးကျော်ဝင်းတင့်၏ (GP ရရှိသူ ဦးဟိန်းဦးကို)၊ ဦးကျော်ဝင်းမြင့်၊ ဦးသက်နိုင်ထွန်း၊)၊ ဦးရဲနိုင်ထွန်း၊ ဦးကျော်သူခိုင်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၄၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ဝင်း ၉/မရတ(နိုင်)၀၂၀၄၆၉က အမှုတွဲအမှတ် ၀၆၉၇/ဘ(ပြောင်း) ၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့နယ်၊ အထက (၂)တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်သီတာမြင့် (အလယ်တန်းပြ)၏ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ပါရှိသော ဖခင်အမည် ဦးအုံးမြင့်နှင့် အမှုထမ်းစာအုပ်တွင် ပါရှိသော ဦးအုန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအုံးမြင့်(ခ)ဦးအုန်းမြင့်**
**၁၂/မဘန(နိုင်)၀၀၄၂၀၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၁၂၊ ဦးပိုင်အမှတ် (၁၂/၄၈)ခဲစင်းအရှေ့ခြမ်း၊ ၂၆လမ်း x သင်္ဂဇာချောင်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်သွင် ၉/မနတ(နိုင်)၀၈၆၁၃၅မှ ညီမအရင်းဖြစ်သူ ဒေါ်ရီရီသိန်းအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၆၆၊ ဦးပိုင်အမှတ် ၄၈၊ ၃၂လမ်း၊ ၈၃x၈၄ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးခင်မောင်လတ် ၁၂/လသန(နိုင်)၀၀၂၅၁၁က ဘိုးဘ အမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၁၁၊ ဦးပိုင်အမှတ် ၈၇၊ ၁၄၁လမ်း၊ ၆၄ x၆၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ပြုံးဝေ ၉/မရတ(နိုင်) ၀၀၅၈၈၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၇၊ ဦးပိုင်အမှတ် (၇၉-ခ)၊ ၆၅x၆၇ ကြား၊ ၁၁၈x၁၁၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထူးထူးဆွေ၏ (GP ရရှိသူ ဦးရဲလွင်ဦး(ခ)ဦးလွင်ကိုကို) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၆၇၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းဆိုင်မိန်း ၁၃/နခန(နိုင်)၀၅၇၀၄၃၊ ဒေါ်နန်းခမ်းဦး ၁၃/နခန(နိုင်)၀၅၄၉၇၃ တို့က အမှုတွဲအမှတ် (၆၀၃၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက်အမှတ် ၁၄၅၊ ဦးပိုင်အမှတ် ၂၉အ/၃၄+၂၉ အ/၃၅/၁၈x၁၉ ကြား၊ ၈၁x၈၂ ကြားရှိ ဦးအုန်းမောင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၆၂/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်း ဦးမြခိုင်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်တူးတူးမာ ၉/မနမ(နိုင်)၀၀၃၉၃၈က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် ၇၅၂၊ ဦးပိုင်အမှတ် ၂၂/၃၄x၃၅ကြား၊ ၆၈x၆၉ကြားရှိ ဦးမောင်မောင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးမောင်မောင်၊ မိခင် ဒေါ်တင့်တင့်၊ သားဦးအောင်စိုးဝင်း(လူပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ခင်မာဦး ၉/မရတ(နိုင်)၀၂၁၄၈၆၊ ဦးကျော်စိုးမင်း ၉/မရတ(နိုင်)၀၂၁၄၉၃၊ ဒေါ်ခင်မျိုးအေး ၉/မရတ(နိုင်)၁၁၉၈၁၃၊ ဦးထွန်းထွန်းမင်း ၉/မရတ(နိုင်)၁၁၉၃၆၆တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်ပြင်ဆင်ခြင်း

ဦးဖြိုးမောက် (ဘ-ဦးဇော်ဝင်း) ၁၂/လမန(နိုင်) ၁၂၀၆၇၂ ၏ မွေးသက္ကရာဇ် အမှန်မှာ၆-၆-၁၉၈၁ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အလက(ခွဲ) ကန်တော်စာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်ရွှေ ၇/ဝမန(နိုင်)၀၇၂၄၉၇၏ ဖခင် ဦးတင်နှင့် ဦးမောင်တင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးတင်နှင့် ဦးမောင်တင်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 16U/2132 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 52W/72346 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/96266, Yamaha, FZ-150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင်မောင် ၉/အမဇ(နိုင်)၀၇၅၆၄၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၁၆-က/၁)၊ ဦးပိုင်အမှတ် (၂၅)၊ ၁၁၅ လမ်း၊ ရန်-မန်းလမ်း အနောက်၊ ၁၁လမ်း၊ တောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်း ၉/မနမ(နိုင်)၀၁၆၀၇၂ က အမှုတွဲအမှတ် (၅၈၁၂/၂၀၂၄-၂၀၂၅)ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ-၁၄ )
## စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄-ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၃၆

| | | |
|---|---|---|
| ၁။ ဒေါ်အေးအေးစမ်း | နှင့် | ၁။ ဒေါ်နုနုဝေ(ခ) ဒေါ်တူးမ |
| ၂။ ဦးစက်ချွန် | | ၂။ ဒေါ်မြင့်မြင့်ခိုင် |
| ၃။ ဒေါ်သွင်ညို့ညို့လွင် | | ၃။ ဒေါ်နိုင်နိုင်ထွန်း |
| ၄။ ဦးကျော်မောင်မောင်လွင် (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးနိုင်အောင်) | | ၄။ ဒေါ်လှိုင်လှိုင်ထွန်း |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ရက်နေ့တွင် ချမှတ်ခဲ့သည့် ရွှေဘိုခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်၁၁ /၂၀၂၂ ၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

အယူခံတရားပြိုင် (၁)ဒေါ်နုနုဝေ(ခ)ဒေါ်တူးမ၊ (၂)ဒေါ်မြင့်မြင့်ခိုင်၊ (၃)ဒေါ်နိုင်နိုင်ထွန်း၊ (၄)ဒေါ်လှိုင်လှိုင်ထွန်း၊ အမှတ်(၇)ရပ်ကွက်၊ ဝက်လည်ရွဲရပ်၊ ရွှေဘိုမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရွှေဘိုခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် စီရင်ချက်နှင့် ဒီကရီကို အယူခံမှုတရားလိုများက အယူခံမှုတက်ရောက်ရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထို အယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၂ ရက်)တွင်ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက် သည်။

**(ခင်မျိုးသင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၈/A၊ ဦးပိုင်အမှတ် ၁၉/၅၃လမ်း၊ ၁၀၆x၁၀၇ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခိုင်ကေသွယ်မြင့်ဆွေ ၉/ခမစ(နိုင်)၀၂၉၅၇၃၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၈၄/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းသိန်းထွန်း ၉/မရမ(နိုင်)၀၄၀၃၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် ၆၁၀၊ ဦးပိုင်အမှတ် ၄၁+၄၂/၂၈လမ်း၊ ၇၆x၇၇ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဇနီး ဒေါ်အားနန် ကွယ်လွန်၍ ကျန်ရစ်သူ ခင်ပွန်း ဦးအိုက်ချန်း ၁၃/ကခန(နိုင်)၀၀၆၃၈၄က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၂)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် တပ်ကြပ်ကျော်ကျော် (ဘ) ဦးမောင်လေး (TZI-၀၈၉၁၀၅) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး၊ အဆိုပါ ဂရန်အမည်ပေါက်သူ တပ်ကြပ်ကျော်ကျော်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဇော်မျိုးထက် (ဘ) ဦးမြင့်သိန်း (၅/မရန (နိုင်)၂၀၉၉၀၄)ထံမှ ဒေါ်ဝင်းဝင်းနွယ် (ဘ) ဦးအိုက်ပေါင်း (၉/မဟမ (နိုင်)၀၄၄၉၉၈) က အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။ (၁၇-၁-၂၀၂၅)ရက် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂရန်အမည်ပေါက်သူ တပ်ကြပ်ကျော်ကျော်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဇော်မျိုးထက်တို့နှင့်တကွ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းနွယ် (ဘ)ဦးအိုက်ပေါင်း (၉/မဟမ(နိုင်)၀၄၄၉၉၈)**
**ဖုန်း-၀၉-၇၆၆၄၄၅၀၅၇**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

အုတ်တွင်းမြို့၊ ကြက်သွန်ခင်း (၂)ရပ်ကွက်၊ အကွက်အမှတ် (၁-ဂ)၊ အကွက်အမည် ကြက်သွန်ခင်းရပ်၊ ဦးပိုင်အမှတ် (၁၀၉)၊ မြေကွက်အမှတ် (၈၇)၊ ဧရိယာ (၀.၁၆၀) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

(က) အရှေ့လားသော် - ဦးဝေဦး - ဒေါ်အိအိဝင်း ခြံမြေ
(ခ) အနောက်လားသော် - ဦးခင်မြင့်-ဒေါ်တင်မာကြည် ခြံမြေ
(ဂ) တောင်လားသော် - ဦးဘိုးရီ ခြံမြေ
(ဃ) မြောက်လားသော် - ပြည်လမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ကြည်ကြည်မြင့်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါလ (၉)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အုတ်တွင်းမြို့နယ်မြေစာရင်းဦးစီးဌာန ၊ အုတ်တွင်းမြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဦးဒေဝသည် (၁၂-၁၂-၂၀၂၄)ရက်တွင် ကွယ်လွန်ခဲ့ပြီး ၎င်းပိုင်ဆိုင်ခဲ့သော အမှတ်(၂၇၇)၊ သုခိတာလမ်း၊ ရန်ဝေး ရပ်ကွက်ရှိ နေအိမ်ဝိုင်းမြေကွက်နှင့် အခြားရွှေ့ပြောင်းနိုင်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ကျန်ရှိခဲ့ပါသည်။ ၎င်းကျန်ရှိခဲ့သောဝိုင်းမြေကွက်နှင့် အမွေပစ္စည်းများအား မွေးချင်းမောင်နှမအရင်းများဖြစ်သည့် ဦးကိုကို၊ ဦးညီညီအောင်၊ ဒေါ်လှရီနှင့် အခြားမွေးချင်းများ၏ လက်ဝယ်တွင်သာတည်ရှိနေပြီး အမွေဆက်ခံခွင့်ရရှိသူများဖြစ်ကြောင်း အထက်ဖော်ပြပါ ကျန်ရှိခဲ့သည့် နေအိမ်ဝိုင်း မြေကွက်နှင့် အမွေပစ္စည်းများအား ၎င်းတို့သိရှိခြင်းမရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်းများ မပြုလုပ်ရန်နှင့် ဌာနဆိုင်ရာများတွင် ဂရန်အမည်ပြောင်းလျှောက်ထားခြင်းများ မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး တရားဥပဒေအကြောင်းအရ အရေးယူဆောင်ရွက်ခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးကိုကိုထွေး (LL.B) အထက်တန်းရှေ့နေ၊ စဉ် (၅၃၂၃၄)**
**အမှတ်(၃၀၈)၊ သဇင် (၄)လမ်း၊ ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့**
**ဖုန်း-၀၉-၄၃၁၃၈၆၈၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း အဆင့်၊ ဇုန်(City Loft)၊ တိုက်အမှတ်(CI-5)၊ အခန်းအမှတ် (109)၊ Type ( STUDIO)၊ Area (312) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံ ကတိပြုသူ မောင်ပြေသာသန်းဝင်း ၁၂/မဂတ(နိုင်)၀၈၈၈၉၁ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အမီနာ**
**၁၂/မဂတ (နိုင်)၀၁၄၆၉၄**
**Ph-09-253254409**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ-၁၄)
## စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ -ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၁၂

| | | |
|---|---|---|
| ဦးဇော်လွင်ဦး | နှင့် | ဦးတိုး(ခ)ဦးဖိုးတိုး |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ချမှတ်ခဲ့သည့် ရွှေဘိုခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၂၈/၂၀၂၂ ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် ဦးတိုး(ခ)ဦးဖိုးတိုး(ဘ)ဦးသန်းမောင်၊ အမှတ်(၇) ရပ်ကွက် ၊ရွှေဘိုမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရွှေဘိုခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်စီရင်ချက်နှင့် ဒီကရီကိုအယူခံမှုတရားလိုက အယူခံမှုတက်ရောက်ရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၈၆-ခုနှစ်၊ တပို့တွဲလဆုတ် (၂) ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်း ကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မျိုးသင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြင်သာအုပ်စု၊ မြင်သာရပ်ကွက်၊ သစ္စာလမ်းနှင့် မဲထီးလမ်းထောင့်ရှိ မြေကွက်အမှတ်(I-12)ဟုခေါ်တွင်သော ဦးစိုးဝင်းအမည်ပေါက်(ဂရန်မြေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိအိမ်ဝိုင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲထိုက်အောင် (LL.B, LLM)၊ တရားလွှတ်တော်ရှေ့နေ၊**
**(စဉ်-၁၇၁၅၅/၂၁)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့**
**ဖုန်း-၀၉-၉၅၄၃၄၅၅၅၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/7689,SHACMAN, TRACTOR HEAD(6X4)L ယာဉ်လက်ဝယ်ရှိသူ ဦးကိုရဲ ၅/ဝလန(နိုင်) ၀၆၈၀၃၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/14389,Kenbo-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်ထူး ၈/ပခက(နိုင်)၀၂၈၄၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပခုက္ကူ)**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၂၂)
## ရေနံချောင်းမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀နှင့် ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဗာရီမှုအမှတ်- ၄၆

| | | |
|---|---|---|
| ဦးဝေလွင်ထွန်း | နှင့် | ဦးလင်းအောင် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

ရေနံချောင်းမြို့နယ်၊ ဘူးကျွန်းကျေးရွာအုပ်စု၊ ဘူးကျွန်းအရှေ့ရွာနေ ဦးလင်းအောင်(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ရှေ့နေဖြစ်စေ သို့တည်းမဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်(၁၃၈၆ခုနှစ်၊ ပြာသိုလဆုတ် ၁၀ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဦးပြည့်စုံ)**
**မြို့နယ်တရားသူကြီး**
**ရေနံချောင်းမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၁၊ ဦးပိုင်အမှတ်၃၊ ၅၃x၅၄ကြား၊ ၁၀၃x၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင်ဝင်း ၉/မရတ(နိုင်)၀၂၈၃၂၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ် ဘဘ-၁၄၊ ဦးပိုင်အမှတ် ၈၊ ၁၁၄လမ်း ၅၁x၅၂လမ်းကြားရှိ ဦးမှတ်ကြီးအမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဦးကံဝင်းက တရားပြိုင် ဦးမှတ်ကြီးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂၅/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးကံဝင်း ၉/တသန(နိုင်)၀၈၅၆၉၀ ကတော ဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၁၃၊ ဦးပိုင်အမှတ် ၆၆၊၄၆x၄၇ကြား၊၁၀၆x၁၀၇လမ်းကြား(အောင်ဇေယျxအောင်ဆန်းလမ်းကြား)ရှိတပ်သားဖေသိန်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်မီမီဝင်းအေးက တရားပြိုင် ဦးဖေသိန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၄၈/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်မီမီဝင်းအေး ၉/မရမ(နိုင်)၀၉၂၂၅၂ကတော ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၈၊ ဦးပိုင်အမှတ် ၈၆ ခဲစင်း၊ ၅၁x၅၂ကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း ၉/မနမ(နိုင်)၀၅၈၅၀၃၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၆၈၀၁/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သိဂီအုန်း ၁၃/မဆတ(နိုင်)၀၂၉၄၁၇က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ အကွက်(၁၅၉)နေ ဦးမောင်စိန်၏သား မောင်သန့်ထက်အောင် (၉/အမဇ(နိုင်)၀၃၉၂၆၂)သည် မိဘများ၏ဆိုဆုံးမမှုကို လက်မခံဘဲ မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှထွက်ခွာသွားသဖြင့် အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးမောင်စိန်**

## အမည်မှန်

မြဝတီမြို့၊ အမှတ် (၅) ရပ်ကွက်၊ ဝါးတော (၁၇)လမ်းနေ (ဘ)ဦးချစ်လွင် ၁၀/ကထန(နိုင်)၀၃၀၄၃၁၏သား မောင်အောင်ဇေယျ၏ အမည်မှန်မှာ မောင်အောင်သူရိန် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝေါမြို့နယ်၊ အလက သူဌေးကုန်း (၁)ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ဝင်းဝင်းမာ ၇/ဝမန(နိုင်)၀၈၁၄၈၃၏ ဖခင် ဦးစံမြင်(ခ)ဦးစံမြင့်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစံမြင်(ခ)ဦးစံမြင့်**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက (ထိန်တပင်)ကျောင်း Grade–11 မှ မသင်းသင်းယုလှိုင်၏ မိဘအမည်မှန်မှာ ဦးနိုင်–ဒေါ်အေးသင်း ဖြစ်ပါကြောင်း။

**ဦးနိုင်–ဒေါ်အေးသင်း**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက (ထိန်တပင်)ကျောင်း Grade–7 မှ မကြူကြူဝေ၏ မိဘအမည်မှန်မှာ ဦးသန်းလွင်–ဒေါ်အောင်စုကြည် ဖြစ်ပါကြောင်း။

**ဦးသန်းလွင်–ဒေါ်အောင်စုကြည်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၅၁၆, Kenbo –110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝဏ္ဏ ၉/မရမ(နိုင်)၀၀၃၅၄၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/47620, Hensin –110, M/C ယာဉ်လက်ဝယ်ရှိသူ Amazing New Sky Co.,Ltd. က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**
